မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၅၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr.Alexander P. Losyukov နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Alexander P. Losyukov နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာမီခေးလ်၊အမ်၊မက်ဂလက်ဇီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ဒီကနေ့ ဒို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေနဲ့ တည်ဆဲအစိုးရအပေါ် အဆိုးမြင်ဝါဒနဲ့ ကျီးအာသလို ဝိုင်းအာနေကြတဲ့ နိုင်ငံတွေ၊ အဖွဲ့တွေ၊ လူပုဂ္ဂိုလ်တွေဟာ ဒီသဘောတရားတွေကို သဘောမပေါက်ဘူးဆိုတာ ထင်ရှားနေတယ်။ မင်းတို့အုပ်စုအနေနဲ့ ကိုယ့်နိုင်ငံ အမျိုးသားအကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်းကို အမှန်တကယ် လိုလားတယ်ဆိုရင် အဲဒီနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေရဲ့ နောက်မြီးဆွဲ ဘဝနဲ့ သံယောင်လိုက်နေမယ့်အစား နိုင်ငံတော်အတွက် လက်တွေ့ကျတဲ့ အပြုသဘောဆောင် ချဉ်းကပ်ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သင့်တယ်။

ဝဏ္ဏမင်းခေါင်၏ ဆောင်းပါး (စာ ၈-၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၁၇ ရက်)

စက်မှုဇုန်အချင်းချင်း နည်းပညာဖလှယ် စက်မှုလက်မှုဖွံ့ဖြိုးရေး ကြိုးပမ်းဖော်ဆောင်

နိုင်ငံတစ်ဝန်း ဒေသအသီးသီးရှိ စက်မှုဇုန်များဖြစ်သော မန္တလေးစက်မှုဇုန်၊ အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိစက်ရုံများကို နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများဖြင့် ထူထောင်နိုင်ခဲ့ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာစက်မှုဇုန်တွင် စက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံ၊ ချင်းတွင်း လေးဘီးထွန်စက်ငယ်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထမင်းပေါင်းအိုးနှင့် သံမဏိ ဗီရိုများ ထုတ်လုပ်လျက်ရှိသည်။ သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုဇုန်လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာလျက်ရှိသည်။

စက်မှုဇုန်လုပ်ငန်းရှင်များအနေဖြင့် ယင်းသို့ရရှိနေသည့် အရှိန်အဟုန်များကို ဆက်လက်တိုးတက် နေစေရန်၊ ထုတ်လုပ်သောပစ္စည်းများ အရည်အသွေး အဆင့်အတန်း ပြည့်မီစေရန် အမြဲတမ်းဆန်းစစ် သုတေသနပြု၍ စံချိန်စံညွှန်းမီ ထုတ်လုပ်သွားကြရမည်ဖြစ်သည်။

စက်မှုဇုန်ထုတ် ပစ္စည်းကိရိယာများကိုလည်း ခေတ်မီစက်သစ်များဖြင့် ဖြည့်တင်းတပ်ဆင် အသုံးပြုပြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး အလေးထား ကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တစ်ဝန်းလုံးရှိ စက်မှုဇုန်များ စက်မှုလုပ်ငန်း အောင်မြင်ဖြစ်ထွန်းရေးနှင့် နည်းပညာတိုးတက်ရေးတို့အတွက် စက်မှုဇုန်လုပ်ငန်းရှင်များအချင်းချင်း နည်းပညာဖလှယ်ပြီး စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဖော်ဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇွန် ၁၀ ရက်က နှစ်ဖက်သော မိဘများအားရည်စူး အမျှထား၍ ကျေးဇူးတော်ရှင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) အမျှထားပြီး စစ်ကိုင်းတောင်ရိုး ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် လူနာတင်မော်တော်ယာဉ် (Toyota-Hiace) တစ်စီးကို သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့များ၏ ပဓာနဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလက္ခဏမဟာထေရ်ရှေ့မှောက်တွင် စင်ကာပူနိုင်ငံနေ ဒေါက်တာစိုင်းကျော်ရွှေနှင့်ဇနီး ဒေါ်သန်းသန်းထွေး၊ သမီး နန်းမိုးပွင့်ဖြူ၊ နန်းသဒ္ဒါထက် မိသားစုတို့က လှူဒါန်းရာ သံဃာ့ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ (အောက်မြန်မာပြည်) ဦးဆောင်နာယက ဦးအေးဖေက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို အထိမ်းအမှတ်ဆိုင်းဘုတ် စိုက်ထူပွဲများကျင်းပ

ရန်ကုန် ဇွန် ၁၆

၂၀၀၇ ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့မျက်နှာစာ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့မျက်နှာစာ၌ စိုက်ထူထားသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗဟန်းမြို့နယ် ဦးထောင်ဗိုလ် အဝိုင်းရှေ့မျက်နှာစာ၌ စိုက်ထူထားသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အလားတူ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်ခြင်း အခမ်းအနားများကို စမ်းချောင်းမြို့နယ် မြေနီကုန်း၊ မရမ်းကုန်းမြို့နယ် (၈) မိုင်လမ်းဆုံ၊ မင်္ဂလာဒုံမြို့နယ် လေဆိပ်လမ်းဆုံ၊ မြောက်ဥက္ကလာပမြို့နယ် နဝဒေးလမ်းဆုံနှင့် တာမွေမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့၌လည်း တစ်ပြိုင်တည်းကျင်းပရာ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၇-၆-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"သူငယ်ချင်းချစ်သူ"**
၁၃:၅၀	၆။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀	၄။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၄:၃၅	၅။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၆:၄၅	၁၂။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁၁)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၃၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၇

(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	"သမ္မဒိဋ္ဌိတရားလက်ကိုင်ထားလို့ လွတ်အောင် ကြိုးစားကြ" တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း)
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	နိုင်ငံတကာအနုပညာရေးရာ
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၀:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀	EURO GOALS
၁၁:၂၀	မိုးလေဝသခန့်မှန်းချက်
၁၁:၂၅	ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (လက်ကိုင်ပုံ နည်းစနစ်နှင့် လွှဲချက်တစ်ဝက်ဖြင့် စတင်ခြင်း၊ ဂရင်းပေါ်သို့ အနိမ့်ပစ်တင်ခြင်း)
၁၁:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀	ရိုးမနှင့်ပင်လယ်ကြား အလှများကြွယ်တဲ့ "တောင်ကုတ်နယ်"
၁၂:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅	နာမကျန်းသူတွေအတွက် မှီခိုအားထားရာ မေတ္တာရိပ်၏စေတနာ
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဇွန် ၁၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alexander P. Losyukov အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အရှေ့တောင်အာရှနိုင်ငံရေးဆိုင်ရာ သုတေသီပါမောက္ခတွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ အရှေ့တောင်အာရှနိုင်ငံရေးဆိုင်ရာ သုတေသီပါမောက္ခ Prof: Robert H. Taylorသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီးသည် ရေယူအဆောက်အအုံ၊ ဂိတ်ရပ်တံခါးအတွက် အဆောက်အအုံဆောက်လုပ်နေမှု၊ ပြီးစီးမှုကိုလည်းကောင်း၊ ရေယူဥမင်အဝင်ဝ တူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အင်ဂျင်နီယာများအား မိုးရာသီ ရောက်လာပြီဖြစ်၍ ရေစိမ့်ဝင်မှုတို့ကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင် ဘူမိ/ပထဝီ အနေအထားအရ လည်းကောင်း၊ ဥမင်တူးဖော်ရာတွင် လုံခြုံရေး၊ ဘေးအန္တရာယ် မဖြစ်စေရေးတို့ကို အထူးဂရုစိုက်ရန်၊ ရုတ်တရက် ရေကြီးမှု၊ ရေလွှမ်းမှုများအတွက် ကြိုတင်ကာကွယ်ရေး ကိစ္စများ ကြိုတင်စီမံထားရှိရန် အသေးစိတ် မှာကြားသည်။

ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းသည် စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

ဖြည့်စွက်ဆွေးနွေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့် အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးအား ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဟန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်တို့က စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လုပ်ငန်းလျာထား သတ်မှတ်ချက်တို့ကို ဗီဒီယို ဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဖိအားနိမ့်သံမဏိပိုက်လိုင်းတပ်ဆင်သည့်လုပ်ငန်းသို့ ကြည့်ရှုစစ်ဆေးသည်။ ဖိအားနိမ့်သံမဏိပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းမှာ ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ၇၈ ရာခိုင်နှုန်းပြီးစီးနေသည့် ပင်မတမံတွင် မြေကြီးကျောက်သားဖို့ခြင်း လုပ်ငန်း ၆၂ ရာခိုင်နှုန်း ပြီးစီးမှုနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လည်းကောင်း၊ ရေထိန်းမျှော်စင်နှင့် ၇၁ ရာခိုင်နှုန်းပြီးစီးနေသော ရေပို့လှိုဲလုပ်ငန်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းအလိုက် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁)မှတစ်ဆင့် ဥမင်လိုဏ်တူးဖော်ပြီးစီးမှု၊ ဖိအားမြင့် ဥမင်လိုဏ် တူးဖော်ပြီးစီးမှုနှင့် ဥမင်လိုဏ်ခိုင်ခံ့ရေးအတွက် ကွန်ကရစ်လိုင်နာ တပ်ဆင်မှုတ်သွင်းခြင်း လုပ်ငန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးသည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ၅၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်း အသီးသီးမှ တာဝန်ရှိသူများအား စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဂရုစိုက်လုပ်ကိုင်ကြရေး၊ မိုးရာသီတွင် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်း၌ စက်ခေါင်းများတပ်ဆင်မည့်ပစ္စည်းနှင့် နည်းပညာများ တရုတ်ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများ ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဇွန် ၁၆

မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံ၏ သမိုင်းသစ်မှတ်တိုင်အဖြစ် မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း DF 1200.01 ကို ကိုယ်ပိုင်တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ထိုသို့ကိုယ်ပိုင်တည်ဆောက်သည့် စက်ခေါင်းများ အရည်အသွေးမြင့်မားရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူမည့် မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းများတွင်တပ်ဆင်မည့် ပစ္စည်းများနှင့် နည်းပညာများကို ဆွေးနွေးညှိနှိုင်းရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လျံစက်ခေါင်းစက်ရုံမှ ပညာရှင်များနှင့် အင်ဂျင်နီယာများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ယမန်နေ့နံနက်ပိုင်းက မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံ၌ တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်း အကြံဉာဏ်များဖလှယ်ခဲ့ကြသည်။



တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လျံစက်ခေါင်းစက်ရုံမှ ပညာရှင်၊ အင်ဂျင်နီယာများ၊ YMEC ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာများ၊ မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံမှ အထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်း၊ အထွေထွေမန်နေဂျာ ဦးမြင့်ဝေ၊ အင်းစိန်စက်ခေါင်းစက်ရုံမှ အင်ဂျင်နီယာ အရာရှိများ၊ အလုပ်ရုံစုမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူမည့် စက်ခေါင်းများနှင့် ပတ်သက်၍ တာ့လျံစက်ခေါင်းစက်ရုံမှ ဒီဇိုင်းပညာရှင်နှင့် အင်ဂျင်နီယာများက စက်ခေါင်းတွင်ပါဝင်သည့် ဖရိန်ကိုယ်ထည်နှင့် အစိတ်အပိုင်းများ၊ အင်ဂျင်နှင့် အစိတ်အပိုင်းများ၊ ဘိုဂီအစိတ်အပိုင်းများ၊ ထရက်ရှင်မော်တာနှင့်အစိတ်အပိုင်းများ၊ အအေးပေး အစိတ်အပိုင်းများ၊ ချိတ်ဆက်အစိတ်အပိုင်းများ၊ လျှပ်စစ် အစိတ်အပိုင်းများနှင့် ထိန်းသိမ်းမောင်းနှင်မှုအပိုင်းတို့ကို ပုံစံကားချပ်များနှင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် စက်ရုံအထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ အရာရှိများနှင့် အလုပ်ရုံစုမှူးများက ပြန်လည်ဆွေးနွေး မေးမြန်းပြီး ဒုတိယဝန်ကြီးကလည်း လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

လက်တွေ့ပြသ

ထို့နောက် စက်ရုံလုပ်ငန်းခွင်များသို့ သွားရောက်ပြီး **(အောက်ပုံ)** မိမိတို့ကိုယ်ပိုင် စက်ခေါင်းတည်ဆောက်ရန် ပြင်ဆင် ဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြင်သစ်စက်ခေါင်းများအား အင်ဂျင်သစ်လဲလှယ်ရန် ဆောင်ရွက်နေသည့် အခြေအနေ၊ မိမိတို့တည်ဆောက်မည့် ဘိုဂီအခြေခံဒီဇိုင်းများကို လက်တွေ့ ပြသဆွေးနွေးကြသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ခေါင်းများကို တိုးချဲ့ဝယ်ယူလျက်ရှိရာ တင်ဒါရွေးချယ်ခံရသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထိုစက်ခေါင်းများကို တည်ဆောက်မည့် တာ့လျံစက်ခေါင်းစက်ရုံမှ ပညာရှင်များ၊ အင်ဂျင်နီယာများ ရောက်ရှိလာပြီး ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၆-၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ငှါသရောက်ရေလှောင်တမံ
၈း၂၀	၈။	အရေးပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	Yan Can Cook
၁၁း၅၅	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **လှည့်၍မရသော လှည့်ကွက်** ကျော်သူ၊ နေမျိုးအောင်၊ ရတနာခင် (ဒါရိုက်တာ-မင်းနိုင်)
၁၃း၅၀	၆။	"တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ" ဆောင်းပါးရှင် ငါးမင်းဆွေနှင့် ဆွေးနွေးခန်း
၁၄း၁၅	၇။	အကပြိုင်ပွဲ
၁၄း၃၀	၈။	တေးဂီတအစီအစဉ်
၁၄း၄၅	၉။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၁၀	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၅	၇။	ဆိုကြမယ်ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၀၀	၁၁။	**အချိန်မီပါသေးတယ်** (အပိုင်း-၁)
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၃၅)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၂၆)

ရန်ကုန်မြို့တွင်တပ်ဆင်မည့် WCDMA Mobile Phone Third Generation တယ်လီဖုန်းစနစ်နှင့် ဆက်စပ်ပစ္စည်းများရောက်ရှိမှု ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ပင်လယ်ပြင်ကမ်းနီးကမ်းဝေးဆက်သွယ်ရေးစနစ်ထူထောင်မှုနှင့်ပစ္စည်းတပ်ဆင်မှု၊ တည်ဆောက်မှုများတွင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကုမ္ပဏီမှပေးပို့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်မြို့တွင်တပ်ဆင်မည့် WCDMA Mobile Phone Third Generation တယ်လီဖုန်းစနစ်နှင့် ဆက်စပ်ပစ္စည်းများရောက်ရှိနေသော အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရောက်ရှိပြီး ပစ္စည်းများအား အမြန်ဆုံးထုတ်ယူအသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး

ဆက်လက်၍ ဝန်ကြီးအား ဟံသာဝတီရှိ E.C.S (အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း)အစည်းအဝေးခန်းမ၌ စာတိုက်လုပ်ငန်း အော်တိုတယ်လီဖုန်းဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းတင်ပြပြီး မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းများအတွင်း ပင်လယ်ပြင် ကမ်းနီး၊ကမ်းဝေးဆက်သွယ်ရေးစနစ်ထူထောင်မှုနှင့်တည်ဆောက်မည့် အခြေအနေများကို ရုံးချုပ်အခြေစိုက် မိုဘိုင်းလ်ဆက်သွယ်ရေးအင်ဂျင်နီယာချုပ်က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ပစ္စည်းတပ်ဆင်မှုနှင့် တည်ဆောက်မှုများတွင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သတ်မှတ်ချိန်အတွင်း အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကုမ္ပဏီမှပေးပို့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်မြို့တွင်တပ်ဆင်မည့် WCDMA Mobile Phone Third Generation တယ်လီဖုန်းစနစ်နှင့် ဆက်စပ်ပစ္စည်းများကို အေးရှားဝေါလ်ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ **(ဆက်သွယ်ရေး)**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူငွေကို ကလောမြို့နေ ဦးစောမောင်-ဒေါ်နီနီသန်းက အလှူငွေကျပ်သုံးသိန်း၊ (S.B Barua)အား ရည်စူး၍ မိခင် Pamler Barua နှင့် သား Joy Barua ဇနီး Baby Barua မိသားစုက အလှူငွေကျပ်သုံးသိန်း၊ Mr. B.B Barua & Family က အလှူငွေကျပ် လေးသိန်း စုစုပေါင်း အလှူငွေကျပ် ၁၀သိန်းကို အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင် လက်ခံယူစဉ်။ (က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့က ဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းအမှတ်စဉ်(၄/၂၀၀၇) ဆင်းပွဲကို ဇွန်၁၄ရက်နံနက်၈နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၆ရပ်ကွက်ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဝင်းနိုင်တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် သင်တန်းတွင် စွမ်းရည်(၃)ရပ်ပထမဆုရ ရဲတပ်ကြပ်အောင်မျိုးခိုင်၊ ဒုတိယဆုရ ရဲတပ်ကြပ်ဝင်းမင်းထွန်း၊ တတိယဆုရ ရဲအရာခံ မင်းသူကြွယ်တို့အား ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဝင်းနိုင်က ဆုများအသီးသီးချီးမြှင့်ပြီး သင်တန်းသားများ၏ သင်တန်းဆင်းလက်မှတ်များကို သင်တန်းဆင်း တပ်ဖွဲ့ဝင်များကိုယ်စား သင်တန်းသား တပ်ခွဲမှူး ရဲအရာခံမောင်ဌေးသို့ ပေးအပ်သည်။

ယင်းသင်တန်းသို့ ပြည်နယ်နှင့်တိုင်း တပ်ရင်း တပ်ဖွဲ့ကျောင်းများမှ သင်တန်းသား အခြားအဆင့်တပ်ဖွဲ့ဝင် ၈၁ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြားပစ်နှင့်ရေကူးအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးစွမ်းဆောင် ဆုတံဆိပ်များဆွတ်ခူးရရှိအောင် ဇွဲစိတ်ဓာတ်အပြည့်လေ့ကျင့် လေ့ကျင့်မှုစံချိန်ကောင်းရရှိမှသာ အောင်ပန်းဆင်နိုင်မည်ဖြစ်

ရန်ကုန် ဇွန် ၁၆

ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ပြင်ဆင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့၊ ရေကူးအဖွဲ့နှင့် ဒိုင်ဗင်အားကစားအဖွဲ့တို့၏ လေ့ကျင့်နေမှုများအား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကြည့်ရှုစစ်ဆေးခြင်းနှင့်တွေ့ဆုံ အမှာစကားပြောကြားသည့် အခမ်းအနားကို ဇွန်၁၅ရက် နံနက်၈နာရီခွဲက ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၌ကျင်းပရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာ)နှင့် အမှုဆောင်များ၊ အားကစားအဖွဲ့သုံးဖွဲ့မှ အုပ်ချုပ်သူ နည်းပြဆရာများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

စွမ်းစွမ်းတမံ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်အနေဖြင့် မြားပစ်နှင့် ရေကူး အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နေကြောင်း၊ လာမည့် ဆီးဂိမ်းအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများရယူနိုင်အောင် အားကစားသမားများအနေဖြင့် အစွမ်းကုန်ကြိုးစားသွားရမှာဖြစ်ကြောင်း၊ သို့မှသာ မြားပစ်နှင့် ရေကူးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲတွင် အဆင့်မီမီပါဝင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ဆွတ်ခူးရရှိအောင် ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုကို ယခုထက်ပိုမိုပြင်းထန်အောင် လေ့ကျင့်ပြီး စံချိန်ကောင်းများ ရရှိမှသာ ပြိုင်ပွဲတွင် အောင်ပန်းဆင်နိုင်မည် ဖြစ်ကြောင်း၊ ရေကူးအားကစားနည်းကိုလည်း လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပြီး ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်နေပါကြောင်း၊ နောင်နှစ်အနည်းငယ်အတွင်းမှာ ရေကူးနှင့် ဒိုင်ဗင်အတွက် အားထားရမည့် ကစားသမားကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း၊ ထိုင်းဆီးဂိမ်းတွင်လည်း ရေကူးအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ဆွတ်ခူးရရှိအောင်ကြိုးစားကြရမှာဖြစ်ကြောင်း၊ မြားပစ်ရော ရေကူးအားကစားနည်းမှ လာမည့်ဆီးဂိမ်းတွင် ရွှေ၊ငွေ၊ကြေးဆုတံဆိပ်များ ဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အုပ်ချုပ်သူ နည်းပြများ အပါအဝင် ကစားသမားများပါ ယခင်ကထက် ပိုမိုအားထုတ်သွားကြရန်လိုကြောင်း စသည်ဖြင့် တွေ့ဆုံမှာကြားသည်။

လေ့ကျင့်ပြင်ဆင်

ယင်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြားပစ်၊ ရေကူးနှင့် ဒိုင်ဗင်အားကစားအဖွဲ့တို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား မိတ်ဆက်ပေးပြီး လေ့ကျင့်ပြင်ဆင်နေမှုများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက အားကစားအဖွဲ့အလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိဂုံးချုပ် အမှာစကားပြောကြားပြီး အားကစားသမားများ၏ နေထိုင် စားသောက်ရေး အားကစားပစ္စည်းများနှင့် လေ့ကျင့်မှုအထောက်အကူပြုပစ္စည်း အခြေအနေတို့ကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(မြန်မာ့အလင်း)**

● **ကျောဖုံးမှ**

အစီရင်ခံစာ၏ အကာအကွယ်ပေးမှုအပိုင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ဝင်ရောက်လာသော လူကုန်ကူးခံရသူများအတွက် ယာယီအမိုးအကာများကို အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းရှစ်ကျောင်းတွင် စီစဉ်ပေးထားကြောင်း၊ လူကုန်ကူးခံရသူများသည် လူကုန်ကူးသူများကို တရားဥပဒေအရ တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း၊ လူကုန်ကူးခံရသူများကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအနည်းငယ်သို့ အကြောင်းကြားကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အစိုးရအနေဖြင့် ရှုပ်ထွေးသိမ်မွေ့သော လူကုန်ကူးမှုပြဿနာကို အစွမ်းကုန်တိုက်ဖျက်နေသော်လည်း ကြိုတင်ကာကွယ်မှုအပိုင်းတွင် လူကုန်ကူးမှုပြဿနာကို ကာကွယ်တားဆီးရန် ကြိုးပမ်းမှုအနည်းငယ်မျှသာ တိုးတက်သည်ဟု ဖော်ပြထားသည်။ အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ ပညာပေးအစီအစဉ် ၈၀၀၀ခန့်ကို နိုင်ငံအနှံ့အပြားတွင် ပြုလုပ်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ စာစောင်များဖြန့်ဝေခြင်း၊ သတင်းဆောင်းပါးများထုတ်ဝေခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း လူကုန်ကူးမှုဆိုင်ရာဇာတ်လမ်းများ တင်ဆက်လျက်ရှိခြင်းတို့ကို အသိအမှတ်ပြုဖော်ပြထားသည်။

အမှန်စင်စစ် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်သက်ဆိုင်သောအဖွဲ့အစည်းပုဂ္ဂိုလ်များအားလုံးနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အစီရင်ခံစာ၌ ယင်းကြိုးပမ်းမှုများကို အသိအမှတ်ပြုဖော်ပြထားသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို မျက်ကွယ်ပြုကာ ယခုနှစ်တွင်လည်း အဆင့်(၃)တွင်ပင် သတ်မှတ်ထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် နိုင်ငံခွဲခြားသတ်မှတ်ရာ၌ မြန်မာနိုင်ငံကို အဆင့်(၃)တွင် ထည့်သွင်းထားခြင်းကို လုံးဝပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၆ ရက်

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ခုခံအားကျဆင်းမှု၊ တီဘီနှင့် ငှက်ဖျားရောဂါများ အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်

မိခင်နှင့်ကလေးကျန်းမာရေး အလေးထား

နေပြည်တော် ဇွန် ၁၆

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိများလိုက်ပါလျက် ဇွန်၆ရက်က မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များ၊ ကာကွယ်ထိုးဆေး သိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်မှန်ခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမတွင် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျောက်ထုမြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များ၊ သားဖွားခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဂန့်ဂေါခရိုင် ကျောက်ထုဒေသ ဆောမြို့နယ် တပြင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိစစ်ဆေးမှာကြားသည်။

ကမ္မတိုက်နယ်ဆေးရုံ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် ပြည်သူ့ဆေးရုံနှင့် ကမ္မတိုက်နယ် ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် သားဖွားခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေး ကော်မတီဝင်များ၊ ဆရာဝန်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ ယင်လုံအိမ်သာ အသုံးပြုရေးနှင့် ရွာတိုင်းတွင် သန့်ရှင်းသော သောက်ရေရရှိရေးအတွက် လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဇွန် ၁၄ရက်က တာမွေမြို့နယ် ဗျိုင်းကွက်သစ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်လူမှုရေးအသင်းများနှင့် စေတနာရှင်များ စုပေါင်း၍ အမက(၁၄)သို့ တန်ဖိုးငွေကျပ် ၂၂၂၆၀၀ရှိ စာအုပ်၊ စာရေးကိရိယာများနှင့် မီးစက်တစ်လုံးတို့ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သိန်းဖြူ လက်ခံယူစဉ်။

(က-ပ)

ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲနှင့် ပေါင်းရှင်းပွဲ ဆီဆိုင်၌ကျင်းပ

ကြက်ဆူဆီကြိတ်ဖတ် မီးသွေးတောင့်လုပ်၍ ထင်းအစားထိုး သုံးစွဲနိုင်

ဆီဆိုင် ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် ၁၀ဧက စုပေါင်းစိုက်ပျိုးပွဲနှင့် ဧက ၁၀၀ ပေါင်းရှင်းပွဲ အခမ်းအနားကို မေ၃၁ ရက် နံနက်၁၀နာရီက ဆီဆိုင်မြို့နယ် ဆိုက်ခေါင် စံပြကျေးရွာ စံပြကြက်ဆူစိုက်ကွင်းတွင် ကျင်းပရာ ကျေးရွာပြည်သူ အင်အားသုံးထောင်ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ခြံစည်းရိုးကြက်ဆူ ၁၀ ဧက စုပေါင်း စိုက်ပျိုးနေသော တောင်သူများနှင့် ဧက ၁၀၀ ပေါင်းရှင်းပြုပြင်နေသော ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု မှန်ကန်ရေးနည်းစနစ်များ လက်တွေ့ရှင်းလင်းပြသပြီး ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းဖြင့် တောင်သူတစ်ဦးချင်းအတွက် အပိုဝင်ငွေ တိုးပွားရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တိုင်းမှူးနှင့်အဖွဲ့သည် ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စုရှိ ညောင်ကိုင်း ကြက်ဆူစံပြကျေးရွာသို့ သွားရောက်၍ ခြံစည်းရိုး ကြက်ဆူဆီလက်တွေ့သုံးစွဲ၍ ကိုယ့်အားကိုယ်ကိုး ကျေးရွာ လျှပ်စစ်မီးလင်းရေး၊ မီးစက်မောင်းနှင်မှု**(အပေါ်ပုံ)**နှင့် ခြံစည်းရိုးကြက်ဆူဆီ သုံးစွဲ၍ ချက်ပြုတ်မှု လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မီးသွေးတောင့်ပြုလုပ်

ထို့နောက် ကြက်ဆူကြိတ်ဖတ်များကို အလဟဿ စွန့်ပစ်ပစ္စည်းမဖြစ်စေဘဲ ကြက်ဆူဆီကြိတ်ဖတ်ဖြင့် မီးသွေးတောင့်ပြုလုပ်၍ ထင်းအစား ချက်ပြုတ်သုံးစွဲနိုင်သည့် ကြက်ဆူကြိတ်ဖတ် မီးသွေးတောင့်လုပ်ငန်းနည်းပညာကိုပါ ရှင်းလင်းမှာကြားသွားကြောင်း သိရသည်။ **(ဝ၄၈)**

အဆို၊ အက သင်တန်းဆင်းပွဲ မတ္တရာ၌ ကျင်းပ

ပြင်ဦးလွင်ခရိုင်မတ္တရာမြို့နယ် ၂၀၀၇ခုနှစ် နွေရာသီ အဆို၊ အကသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဆွေက အဆို၊ အက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာကို အဆို၊ အက နည်းပြဆရာမများသို့ လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို အဆိုသင်တန်းသားများကိုယ်စား မသန္တာဝင်းနှင့် အကသင်တန်းသားများ ကိုယ်စား မဇာနည်ကြိုင်ကြိုင်တို့အားလည်းကောင်း အသီးသီး ပေးအပ် ချီးမြှင့်ပေးပြီး သင်တန်းသား၊ သင်တန်းသူများက အဆို၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဗန်းမော်၌ ပညာပေးဟောပြော

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန်၅ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းထွန်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြောပြီး ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်တင်ညိုက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့် ပြိုင်ပွဲ ရေစကြိုမြို့နယ်၌ ကျင်းပ

မကွေးတိုင်း ရေစကြိုမြို့နယ် စံပြသိုး၊ ဆိတ်မွေးမြူရေးခြံတွင် မေ ၂၉ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့် ပြပွဲ၊ ပြိုင်ပွဲအခမ်းအနား ကျင်းပရာ ပခုက္ကူခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးက ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် သိုး၊ ဆိတ်များအား ကျန်းမာရေးနှင့် လုပခြင်းများ ကြည့်ရှုစစ်ဆေးကာ ဆုရရှိသူ မွေးမြူရေးလုပ်သားကြီးများအား ဆုများပေးအပ်ကြသည်။

(၂၅၁)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်(အောင်ပန်း) ဖွင့်ပွဲ အခမ်းအနားကို အောင်ပန်းမြို့ ဘူတာရုံကွင်းအတွင်း၌ ဇွန် ၁၂ရက် နံနက်၈နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဘင်ခရာ ပန်းဖွားအဖွဲ့များ၊ တိုင်းရင်းသူများနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဗိုလ်မှူးချုပ်သက်နိုင်နှင့် ဧည့်သည်တော်များသည် အရောင်းဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အထူးဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ လုပ်ငန်းဌာနအရောင်းဆိုင်များမှ ကုန်ပစ္စည်းဆိုင်တင် အမယ် ၃၁၇မျိုး၊ တန်ဖိုး ၉၄ ဒသမ ၅၀၂သန်း ရောင်းချခဲ့ကြောင်း သိရသည်။

(က-ပ)

ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကာကွယ်ကုသရေး ကွင်းဆင်း

ငပုတောမြို့နယ် စိုက်တိုးမြှင့် နယ်မြေ(၄) မြစ်တစ်ရာနယ်မြေသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်၊ နယ်မြေတာဝန်ခံ ဒေါက်တာစိုးသိမ်း (ဦးစီးအရာရှိ မွေး/ကုဦးစီးဌာန)နှင့် အဖွဲ့သည် ဇွန် ၅ ရက်က ၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်ရေးနှင့် မိုးဦးကျ ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ထိန်းချုပ်ကာကွယ်ကုသမှုများကို ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံတောင်သူများအား ဆွေးနွေးပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

စာကြည့်တိုက်လုပ်ငန်းခွင် လေ့ကျင့်မှုပညာ ဆင့်ပွားသင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော စာကြည့်တိုက်လုပ်ငန်းခွင် လေ့ကျင့်မှုပညာဆင့်ပွား သင်တန်း(၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ရက် နံနက် ၉နာရီက ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းမျိုးဆောင်းကျော်၊ ရပ်/သံ ကျွမ်းကျင်(၃) ဦးဘိုညွန့်နှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုးမိုးနိုင်တို့က ဘာသာရပ်ဆိုင်ရာ ပို့ချချက်သင်ခန်းစာများကို ဆက်လက်ပို့ချကြပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုဇွန်တောင်မြို့နယ် ၅၁ လမ်း အမှတ် ၁၁၇ သုံးလွှာနေ ဦးညွန့်စိန်-ဒေါ်ခင်စန်းဝင်း၊ သား မောင်ကျော်ခိုင်စိုး၊ မောင်ဝေယံပိုင်စိုး၊ သမီးမပိုးနှင်းဖြူ မိသားစုက သား မောင်ဝေယံပိုင်စိုး မွေးနေ့အလှူအဖြစ် အဘိဓမ္မာပိဋကဝင် ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားငါးချပ်၊ အလှူငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကာပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာန တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနနှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂ရက် မွန်းလွဲ ၁နာရီခွဲက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေး၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ ကျန်းမာရေးဆိုင်ရာ မူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာကြောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုးကျိုးများ ကျရောက်စေနိုင်သဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနအားလုံးက ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်လှက ဖတ်ကြားသည်။ ထို့နောက် တနင်္သာရီတိုင်း ဥပဒေအရာရှိ ဦးသန်းရွှေက ဆေးလိပ်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အဆင့်မြင့်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ ဝိုင်းဝန်းကူညီ အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်မြင့်တင်နိုင်မည်

နေပြည်တော် ဇွန် ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းက အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားရောင်းချသည့်အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်းအကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII)နှင့် ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေး (6th HAPUA Working Committee Meeting)အား မြန်မာနိုင်ငံတွင် လက်ခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရုံးမှ ရဲမှူးချုပ်စိုးဝင်းမြင့်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံအစည်းအဝေးများသည် အဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်အလှည့်ကျ နိုင်ငံအမည် အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံပေးရကြောင်း၊ ယခုအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားကဏ္ဍမှ အကြီးအကဲများနှင့် အင်ဂျင်နီယာများ တက်ရောက်ကြမည် ဖြစ်ကြောင်း၊ နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ယခုကဲ့သို့ အဆင့်မြင့် အစည်းအဝေးအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီး၏ ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးမှုများလိုအပ်၍ ယခုကဲ့သို့ အစည်းအဝေးခေါ်ယူ၍ ညှိနှိုင်းရခြင်းဖြစ်ကြောင်း၊ အစည်းအဝေး အောင်မြင် ချောမောစွာကျင်းပနိုင်ခြင်းဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာမြင့်တင်နိုင်မည်ဖြစ်ပါ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်းနှင့် အကြံပြုခြင်းများဆောင်ရွက် သွားကြပါရန် ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်ရမည့်လုပ်ငန်းအလိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လသာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဇာထိုး ပန်းထိုး၊ တစ်ချောင်းထိုး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အိမ်ရှင်မများ ဝင်ငွေတိုးစေမည့် ဇာထိုးပန်းထိုး၊ တစ်ချောင်းထိုးသင်တန်းဆင်းပွဲကို ယမန်နေ့နံနက်၉နာရီက လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး လသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၀၀၀ကို လက်ခံပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်ကြား ပြသပေးသော နည်းပြဆရာမအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ရာ သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးနှင့် နည်းပြဆရာမတစ်ဦးတို့က လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သင်တန်းအတွက် ဟိုက်ဝေးမန်းနေးဂျမန့် ကုမ္ပဏီက ငွေကျပ်ငါးသောင်းနှင့် လသာမြို့နယ်မှ စုပေါင်းလှူဒါန်းငွေ ကျပ်၂၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဒေါ်မာမာဝေက လက်ခံသည်။

ယင်းနောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ ဇာထိုး၊ပန်းထိုး လက်ရာများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်သင်ကြား

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၅ဦးဖြင့် တစ်လခွဲကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲမြို့နယ် တဲကြီးကုန်းရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် တဲကြီးကုန်း ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ရက်ကကျင်းပရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးနှင့် အလှူရှင် ဦးသော် အမှတ်၁၃၅ ၃၄လမ်း (လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့က စက်ရေတွင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းမှာ အနက် ပေ ၄၀၀ရှိပြီး ရေထွက်နှုန်းမှာ တစ်နာရီလျှင်ရေဂါလန် ၁၀၀၀ ထွက်ရှိ၍ စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၁၅သိန်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်မြင့်မိုရ်အိမ်ရာ မာတလိလမ်းနေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ကျော့ရီ ၇၇နှစ် မွေးနေ့အထိမ်းအမှတ်သုံးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးတင်သိန်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၁၆

ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၊အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်ဆန်းမဟာမြိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ၊ညောင်ကန်အေးဆရာတော် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုန္ဒက၊ပထမကျော် ဓမ္မာစရိယ ဘီအက်စီ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာသံ့ဃာရဆရာတော် ဘဒ္ဒန္တ ကုမာရ ၊ အဂ္ဂမဟာဂန္ထ ဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ စဥ့်ကူဆရာတော်၊ ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ ဝါခင်းတောင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသနှင့် ညောင်ပင်သာဆရာတော်ဘဒ္ဒန္တမာလာစာရတို့အား ဇူလိုင် ၂၂ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာ ကျောင်းတိုက်၌ နဝမအကြိမ်မြောက်အဖြစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ်၂၄၃၀ဖြင့် ဒေါ်မငယ် ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း– ၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့် (စိုင်းဘုန်းထူး ဗီဒီယို– ဓာတ်ပုံ) အမှတ် ၁၀၀ ၄၈လမ်း ရန်ကုန်မြို့ ဖုန်း– ၂၉၂၉၅၃၊ ဖူဂျီဓာတ်ပုံဆိုင် အမှတ် ၁၆၅/၁၆၇ အနော်ရထာလမ်း ၃၄ လမ်းထိပ် ဖုန်း– ၇၀၀၁၃၆နှင့် ဦးသန်းထိုက်စိုး ဒုတိယဈေးတာဝန်ခံ၊ အင်းစိန်ဈေးကြီးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကင်းမြို့နယ် ၁၄ရပ်ကွက် ကျောက်ကုန်း သီရိလမ်း၊ အမှတ် (၇/က)နေ ဒေါ်ခိုင်ခိုင်နှင့် မိသားစုက ဦးစောထွန်းအောင်အား ရည်စူး၍ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံး လက်ခံယူစဉ်။ (က–ပ)



စာတမ်းရှင်များက စိတ်ဝင်စားဖွယ် ဆွေးနွေးသည့်အတွက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး များစွာအထောက်အကူပြုမည်

ပြန်ပြည့်မြဲစွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီ အလုပ်ရုံဆွေးနွေး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ပြန်ပြည့်မြဲစွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၄ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

စာတမ်းဖတ်ကြား

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အတွင်းရေးမှူး အကြံပေးအဖွဲ့ဝင် ဦးဝင်းခိုင်က Biofuels Development in ASEAN Countries စာတမ်းကို ဖတ်ကြားတင်ပြဆွေးနွေးသည်။

အကြံပြုဆွေးနွေးတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်း ပြန်ပြည့်မြဲစွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှု နည်းပညာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်းက ဇီဝဓာတ်ငွေ့ (Biogas)ထုတ်လုပ်သုံးစွဲမှု သုတေသနလုပ်ငန်းနှင့် ပရိဂျူဆာဓာတ်ငွေ့ (Producer Gas) ထုတ်လုပ်သုံးစွဲမှု သုတေသနလုပ်ငန်းကို လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ နည်းပညာကော်မတီဝင် ဒေါက်တာဒေါ်မြမြဦးက Biodiesel Development based on Jatropha Curcus Oilစာတမ်းကိုလည်းကောင်း၊ Myanmar Chemical Engineers Group Co.,Ltd. ဥက္ကဋ္ဌ နည်းပညာကော်မတီ အဖွဲ့ဝင် ဦးစိန်သောင်းဦးက Rural Development by Integrated Forming Complex စာတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြား တင်ပြကြရာ တက်ရောက်လာကြသူများက ပြန်ပြည့်မြဲ စွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းအပေါ် အကြံပြုဆွေးနွေး တင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းဦးစီးကော်မတီ နာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် စာတမ်းရှင်များက စိတ်ဝင်စားဖွယ် ဆွေးနွေးတင်ပြသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသော စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးမှာ အထောက်အကူ များစွာပြုမည်ဖြစ်ကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် နည်းပညာပိုင်းတွင် ပိုမို နက်ရှိုင်းစွာ ဆုံးဖြတ် ဆောင်ရွက်ပေးခြင်း၊ အရည်အသွေး မြှင့်တင်ပေးခြင်း၊ စံပြုပေးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (Small and Medium Enterprises) ကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်စေခြင်းများကို ဦးတည်ဆောင်ရွက်သွားသင့်ကြောင်း၊ မိမိတို့သုတေသနလုပ်ငန်း ကော်မတီက ကြီးကြပ်ကွပ်ကဲမှုနည်းပညာပိုင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာအချို့၌ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေး စနစ်ကို အောင်အောင်မြင်မြင် အသုံးချနိုင်ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းပြန်ပြည့်မြဲစွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း ကော်မတီ၏ ရုံးခန်းနှင့် စမ်းသပ်ခန်း နေရာများ သတ်မှတ်ထားပြီးဖြစ်၍ စမ်းသပ်မှု ပစ္စည်းကိရိယာများနှင့် ကိုးကား ရည်ညွှန်းစာကြည့်တိုက်များ ခေတ်မီ ITပစ္စည်းကိရိယာများ ပြည့်စုံစွာ တည်ဆောက်ထားရှိနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

Premier Coffee Co.,Ltd.က ကံထူးရှင်များ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၆

Premier Coffee Co.,Ltd. ၏ 2007 English Premier League ဘောလုံးပွဲ ခန့်မှန်းကံစမ်းမဲဆုငွေကျပ်သိန်း၁၀၀ကို ထိုက်တန်စွာ ခွဲဝေရရှိသွားကြသော ရန်ကုန်မြို့မှ ကံထူးရှင်များအား ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၅နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M.3 Food Center၌ ကျင်းပရာ Premier Coffee Co.,Ltd.မှ ဒါရိုက်တာ ဒေါက်တာဦးထင်ကျော်၊ မန်နေဂျာများ၊ ဝန်ထမ်းများ၊အရောင်းကိုယ်စားလှယ်များနှင့် ကံထူးရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒေါ်တင်မိုးလွင်က ကံစမ်းမဲ စတင်ချီးမြှင့်ခဲ့မှုနှင့် Premier Coffee Co.,Ltd. ၏ နောက်ခံသမိုင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဈေးကွက်မန်နေဂျာ ဦးဋ္ဌေးမြင့် **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ယင်းနောက် အရောင်းမန်နေဂျာ ဦးအေးကျော်နှင့် သရုပ်ဆောင် အဆိုတော် ရဲလေးတို့က ကံထူးရှင်များအား ဆုများပေးအပ်သည်။ ထို့နောက် ဆုအများဆုံးရရှိသူ ကံထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများပေးအပ်

ယင်းနောက် တက်ရောက်လာကြသော ပရိသတ်များအား Premier Coffeeနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ဖြေဆိုနိုင်သူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ဆုငွေထုတ်ယူနိုင်

Premier Coffee Co.,Ltd.မှ ချီးမြှင့်သော ကံထူးရှင်ဆုရ အခြားမြို့များမှ ကံထူးရှင်များသည် နီးစပ်ရာPremier Coffeeရုံးခွဲများနှင့် အရောင်းကိုယ်စားလှယ်များထံ၂၀၀၇ခုနှစ် ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ ဆုငွေထုတ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆-၆-၂၀၀၇

International Day Against
Drug Abuse and Illicit Trafficking
26-6-2007

မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား

Do drugs control
YOUR LIFE?

Your life. Your community.
No place for drugs.

မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ

အသုံးချခံများ

ပေါ်ဦးထွန်း(မင်းကိုနိုင်)

ခုတလော မင်းတို့ရဲ့ (၈၈)မျိုးဆက်ကျောင်းသားအုပ်စုက ရာသီအလိုက် လူရာဝင်လိုမှု နိုင်ငံရေးစတန့်ကွက်ပေါင်းစုံကို မဆင်မခြင် လုပ်နေတာတွေနဲ့ပတ်သက်ပြီး အဆင်အကွက်တွေက သိပ်မဟုတ်လို့ ဒီအကြောင်းတွေ ရေးဖြစ်သွားတယ်ဆိုပါတော့ကွာ။

အခုရက်ပိုင်းအတွင်း မိုးဦးကျ ဖားပေါင်းစုံအော်သံတွေနဲ့အပြိုင် ပြည်ပရေဒီယိုအသံလှိုင်းတွေမှာလဲ ရာသီအလိုက် အော်သံပေါင်းစုံကို ကြားနေရတယ်။ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းလို့ အလွယ်ခေါ်နေကြတဲ့ မြန်မာပြည်အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း ကြံဆောင်နေကြတဲ့ နိုင်ငံအချို့ရဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုတွေ၊ နောက်မြီးဆွဲ ကြံဖော်ကြံဖက်တွေရဲ့ နှုတ်ခမ်းပွဲ့ချင်းမီးမှုတ်နေတဲ့လုပ်ရပ်တွေကို အားရဝမ်းသာထောက်ခံပြီး ဖောက်သည်ချနေကြတာဟာ တော်တော်စိတ်ပျက်စရာတွေပဲကွ။

အလားတူ မင်းတို့အုပ်စုကလဲ အဲဒီအခြေအနေတွေကို အလွတ်မပေးဘဲ ဒိုင်ဗင်ဝင်ပစ်ပြီး မင်းတို့အုပ်စု နာမည်ထွက်လာအောင် ဆရာသခင်တွေအလိုကျ ပြောချင်ရာတွေ ပြောလာသလို စာတစ်စောင် ပေတစ်ဖွဲ့နဲ့ တရုတ်တို့၊ ရုရှားတို့ကိုပါ လူတွင်ကျယ် ထလုပ်ပြလိုက်ပြန်တယ်။

အေး-မင်းတို့အုပ်စု သိအောင်ပြောရရင်

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကြားမှာ ကျင့်ဝတ်ဆိုင်ရာ သဘောတူညီမှုတစ်ရပ်ရပ် ပြုလုပ်ထားရုံနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး အပါအဝင် မိမိတို့ဆိုင်ရာဆိုင်ရာ နိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ အကြွင်းမဲ့ယုံကြည်လက်ခံဖို့ မရနိုင်ကြောင်း သိလာကြတယ်။ အဲဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့ဟာ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းပြည်ပ ရန်အပေါင်းကို ကာကွယ်ဖို့အတွက် အင်အားကို သတိသမ္ပဇဉ်တရား (Prodence) အသုံးပြုပြီး မိမိတို့နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေခြင်းဖြစ်တယ်။ အဲဒီသဘောတရားလောက်မှ မင်းတို့အုပ်စုက သဘောမပေါက်လေတော့ မင်းတို့အုပ်စု အမေကျော်ဒွေးတော်လွမ်းနေတာ မဆန်းပါဘူးကွာ။

ဒို့မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ မိမိတို့နိုင်ငံရဲ့အား (ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုများရဲ့ ညီညွတ်သောစည်းလုံးမှု)ကို သတိသမ္ပဇဉ်တရားအသုံးပြုပြီး မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ မင်းတို့ တကယ်ပဲမသိတာလား၊ သိလျက်သားနဲ့ တမင်မသိချင်ယောင် ဆောင်နေတာလား။ အေး-သတိသမ္ပဇဉ်တရားဆိုတာက ဇောက်ဒိဋ္ဌအခြေအနေမှာ အကောင်းနဲ့အဆိုးကို ချင့်ချိန်သုံးသပ်နိုင်တဲ့ အစိုးရတစ်ရပ်ရဲ့ ကျင့်ဝတ်ဆိုင်ရာ အလေ့အကျင့်(စွမ်းရည်)ပဲ။

အမျိုးသားအကျိုးစီးပွား (National Interest)နဲ့ပတ်သက်ပြီးပြောရရင် သမိုင်းစဉ်တစ်လျှောက် နိုင်ငံအချင်းချင်း ဆက်ဆံရင်းနဲ့ နိုင်ငံတကာဆက်ဆံရေး (International Relation) သို့မဟုတ် အပြည်ပြည်ဆိုင်ရာနိုင်ငံရေး (International Politics) ဆိုတာတွေ ပေါ်ထွက်လာခဲ့တယ်။ ဒီလိုပေါ်ထွက်လာချက်တွေကို အနှစ်ချုပ်ခွဲခြားကြည့်မယ်ဆိုရင် အောက်ဖော်ပြပါအခြေခံအချက်သုံးချက်ကို တွေ့ရမှာဖြစ်တယ်-

- နိုင်ငံတစ်နိုင်ငံ၏ ရွေးချယ်ပိုင်ခွင့်လွတ်လပ်မှု
- နိုင်ငံတစ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်နိုင်သော နည်းလမ်းများ
- အဆိုပါ ဆောင်ရွက်မှုနည်းလမ်းများအပေါ် ကန့်သတ်ချက်များ

နိုင်ငံတစ်နိုင်ငံရဲ့ ရွေးချယ်ပိုင်ခွင့်လွတ်လပ်မှုဟာ အချုပ်အခြာအာဏာပိုင်စိုးမှုက တိုက်ရိုက်ပေါ်ထွက်လာခြင်းဖြစ်တယ်။ အချုပ်အခြာအာဏာပိုင်ခြင်းဆိုတာက အဲဒီနိုင်ငံအနေနဲ့ မိမိကြိုက်နှစ်သက်ရာ (စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး) ပုံစံတွေကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတဲ့ဂုဏ်ကို ဖော်ပြခြင်းပဲ ကိုယ့်လူ။

ဝတ္ထုမင်းခေါင်

ဒါ့ကြောင့် **အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား ဖော်ဆောင်မှုဟာ ဘယ်သို့ဖြစ်သင့်တယ်၊ ဘယ်သို့ဖြစ်ရမယ်ဆိုပြီး ဘယ်လို ပြည်ပအင်အားစုမျိုးကမှ ချုပ်ချယ်ညွှန်ကြား အကျပ်ကိုင်တောင်းဆိုတာမျိုး လုပ်ဆောင်ခွင့်မရှိဘူး၊ လက်ရှိမြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာရင်လဲ ထိုသဘောအတိုင်းပဲ။ ဘယ်နိုင်ငံ၊ ဘယ်အင်အားစုကမှ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူး။**

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံများအတွင်း ဖြစ်ပေါ် တိုးတက်နေတဲ့ ဖြစ်စဉ်အကြောင်းတရားတွေအပေါ်မူတည်ပြီး မိမိတို့နိုင်ငံတွေအတွက် အကောင်းဆုံးဖြစ်မယ့် အမျိုးသားအကျိုးစီးပွားဆိုင်ရာ ရည်မှန်းချက်တွေကို ဖော်ထုတ် ကျင့်နေကြခြင်းသာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံချင်းဟာ မိမိတို့နိုင်ငံတွေအလိုက် ကြုံတွေ့နေရတဲ့ အခြေအနေတွေအပေါ် လွတ်လပ်စွာ လေ့လာသုံးသပ်ပြီး မိမိတို့ဆန္ဒတွေအတိုင်း ရည်မှန်းချက်တွေကို ရွေးချယ်ဖော်ထုတ်ခွင့်ရှိတယ်။

ဒါ့အပြင် မိမိနိုင်ငံအတွက် သင့်လျော်မယ့် မူဝါဒတွေ မိမိနိုင်ငံနဲ့ ကိုက်ညီပြီး မှန်ကန်တယ်လို့ ယူဆတဲ့ နည်းစနစ်တွေကို အသုံးပြု ဖော်ထုတ်ရယူ ကျင့်သုံးခွင့်ရှိတယ်။ နိုင်ငံတစ်နိုင်ငံဘက်က ရှုမြင်ကြည့်ရင် အကျိုးစီးပွား ရည်မှန်းချက်တွေနဲ့ မူဝါဒတွေအားလုံးဟာ မိမိနိုင်ငံအတွက်ပဲ ဖြစ်ရမယ်။ ဒါထုံးစံပဲလေ။

ကမ္ဘာ့နိုင်ငံများ အစုအဝေးစနစ်မှာ အဖွဲ့ဝင်ဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံဟာ မိမိတို့ကြိုက်နှစ်သက်ရာ ဘယ်လိုဝါဒမျိုးကိုမဆို ကိုင်စွဲကျင့်သုံးခွင့်ရှိတယ်။ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်လို့လဲ မိမိနိုင်ငံမှတစ်ပါး အခြားဘယ်နိုင်ငံ၊ ဘယ်လိုအင်အားစုမျိုးကိုမှ တာဝန်ခံစရာမလိုဘူး။

အဲဒီလို လွတ်လပ်စွာ ရွေးချယ်လုပ်ဆောင်ခွင့်အရ နိုင်ငံတစ်နိုင်ငံဟာ မိမိရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်ပေါ်လာစေရေးကို ဖော်ဆောင်ရာမှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ လုပ်ဆောင်နိုင်ခွင့်ရှိတယ်။ သို့သော် နိုင်ငံတစ်ခုရဲ့ လှုပ်ရှားဆောင်ရွက်နိုင်တဲ့ နည်းလမ်းတွေကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း တွေ့ရလိမ့်မယ်။

(၁) သံရေး၊ တမန်ရေး ဆောင်ရွက်မှုဖြစ်တဲ့ နိုင်ငံရေးအရ ဆောင်ရွက်မှု၊

(၂) ထုတ်လုပ်မှုနဲ့ ခွဲဝေခံစားမှုစနစ်တွေကတစ်ဆင့် လှုပ်ရှားဆောင်ရွက်မှုဖြစ်တဲ့ စီးပွားရေးအရ ဆောင်ရွက်မှု၊

(၃) လူထုကို ဆွဲဆောင်စည်းရုံးသော လှုပ်ရှားဆောင်ရွက်မှုဖြစ်တဲ့ စိတ်ဓာတ်စစ်ဆင်ရေးအရ ဆောင်ရွက်မှု၊

(၄) လက်နက်အင်အားသုံး ဆောင်ရွက်မှုဖြစ်တဲ့ စစ်ရေးအရ ဆောင်ရွက်မှု။

နိုင်ငံတို့အနေနဲ့ မိမိတို့ရဲ့ရည်မှန်းချက်တွေကို ဖော်ဆောင်ဖို့ ဖော်ပြပါ နည်းလမ်းလေးသွယ်ကို ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မူတည်ပြီး အချိုးအစားအမျိုးမျိုးနဲ့ ပေါင်းစပ်သုံးစွဲတတ်ကြတယ်။ ဒီလို နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွင်းက ဆောင်ရွက်မှုနည်းလမ်းတွေအပေါ် အောက်မှာ ဖော်ပြထားတဲ့အတိုင်း ကန့်သတ်ထားချက်ဆိုတာတွေလဲ ရှိနေပြန်သေးတယ်။

တရားဝင်ကန့်သတ်ချက်များ (Formal Limits)

တရားမဝင်ကန့်သတ်ချက်များ (Informal Limits)

တရားဝင်ကန့်သတ်ချက်ဆိုတာက အပြည်ပြည်ဆိုင်ရာဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းလို့ ဆိုနိုင်တယ်။ အပြည်ပြည်ဆိုင်ရာဥပဒေမှာ နိုင်ငံတစ်ခုအနေနဲ့ ကြုံတွေ့ရမယ့် အခြေအနေအရပ်ရပ်မှာ နိုင်ငံတွေက လက်ခံနိုင်မယ့် ကျင့်ဝတ်တွေကို စုစည်းပြီး ဥပဒေအဖြစ်ဖော်ပြထားတယ်။ အဲဒီဥပဒေဟာ လက်တွေ့နယ်ပယ်မှာ ပြည့်စုံတယ်လို့ မဆိုနိုင်သေးတဲ့အပြင် နိုင်ငံတွေက လိုက်နာဖို့ ကြပ်မတ်မှုအပိုင်း

ဒို့မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ မိမိတို့ နိုင်ငံရဲ့အား (ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုများရဲ့ ညီညွတ်သောစည်းလုံးမှု)ကို သတိသမ္ပဇဉ် တရားအသုံးပြုပြီး မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေခြင်းဖြစ်တယ် ဆိုတာ မင်းတို့ တကယ်ပဲ မသိတာလား၊ သိလျက်သားနဲ့ တမင်မသိချင်ယောင်ဆောင်နေ တာလား။ အေး သတိသမ္ပဇဉ်တရားဆိုတာက ဇောက်ဒိဋ္ဌအခြေအနေမှာ အကောင်းနဲ့ အဆိုးကို ချင့်ချိန်သုံးသပ်နိုင်တဲ့ အစိုးရတစ်ရပ်ရဲ့ ကျင့်ဝတ်ဆိုင်ရာ အလေ့အကျင့် (စွမ်းရည်)ပဲ။

မှာလဲ မရေရာမှုတွေ ရှိနေသေးပေမယ့် အခြေအနေတစ်ရပ်အထိတော့ နိုင်ငံတွေရဲ့ ဆောင်ရွက်နိုင်မှုကို အကန့်အသတ်ပြုနေနိုင်တယ်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းလို့ဆိုရာမှာ ပင်မအနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကိုပဲ ဦးတည်ဖော်ပြရလိမ့်မယ်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့က ပဋိညာဉ်အရ ခွင့်ပြုထားတဲ့ နိုင်ငံတွေရဲ့ အပြုအမူတွေအပေါ် အကောင်းနဲ့အဆိုး ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းနဲ့ အပြည်ပြည်ဆိုင်ရာ သဘောတွေကို စုစည်းဖော်ထုတ်နိုင်စွမ်းရှိခြင်းတို့အရ နိုင်ငံတွေရဲ့ဆောင်ရွက်နိုင်မှုတွေကို ကန့်သတ်မှုဖြစ်ပေါ်စေတယ် ဆိုပါတော့။

တရားမဝင်မဟုတ်တဲ့ ကန့်သတ်ချက်ဆိုတာကလဲ တကယ်ကျတော့ နိုင်ငံတွေစုစည်းနေထိုင်တဲ့ စနစ်ကနေပဲ ပေါ်ထွက်လာတာ။ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဟာ ကိုယ့်ရဲ့မူဝါဒကို ဖော်ဆောင်ရာမှာ ကိုယ့်လိုအလားတူ ဖော်ဆောင်နေတဲ့ အခြားနိုင်ငံတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရစမြဲပဲ။ ဒီလို အပြိုင်အဆိုင် ဖော်ဆောင်ကြရာမှာ တစ်ချိန်မဟုတ် တစ်ချိန် ထိပ်တိုက်ကြုံလာရတဲ့ အခြေအနေမျိုးတွေလဲ ရှိလာတတ်သေးတယ်။

ဒီနေရာမှာ သတိပြုရမှာက ဘယ်လိုနိုင်ငံမျိုးကမှ တစ်ချိန်တည်းမှာ အခြားနိုင်ငံအသီးသီးနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ဆောင်ရွက်နိုင်ခြေမရှိတာကြောင့် ကိုယ့်နိုင်ငံနဲ့ အကျိုးစီးပွားချင်း မဆန့်ကျင်တဲ့၊ ဆန့်ကျင်မှုနည်းတဲ့ အခြားနိုင်ငံတွေအပေါ်မှာ လိုက်လျောညီထွေ ဆက်ဆံခြင်းဆိုတာတွေကို လုပ်ဆောင်ကြရတယ်။

နိုင်ငံတစ်ခုအနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရတဲ့ အခြေအနေတွေ ဖြစ်ပေါ်လာတဲ့အခါ အခြားကန့်သတ်ချက်တစ်ခုဆိုတာ ထပ်ပေါ်လာပြန်သေးတယ်။ အဲဒါကတော့ လက်တွေ့ကျတဲ့ ကမ္ဘာ့ဖြစ်စဉ်တွေအရ နိုင်ငံတစ်ခုအနေနဲ့ ကိုယ့်နိုင်ငံရဲ့ စွမ်းဆောင်နိုင်မှု (Capacity) ထက်ကျော်လွန်ပြီး အခြားတစ်ဖက်ကို တွန်းအားမပြုသင့်ဘူးဆိုတဲ့ သဘောတရားပဲ။

ဒီကနေ့ ဒို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေနဲ့ တည်ဆဲအစိုးရအပေါ် အဆိုးမြင်ဝါဒနဲ့ ကျီးအာသလို ဝိုင်းအာနေကြတဲ့ နိုင်ငံတွေ၊ အဖွဲ့တွေ၊ လူပုဂ္ဂိုလ်တွေဟာ ဒီသဘောတရားတွေကို သဘောမပေါက်ဘူးဆိုတာ ထင်ရှားနေတယ်။ မင်းတို့အုပ်စုအနေနဲ့ ကိုယ့်နိုင်ငံ အမျိုးသားအကျိုးစီးပွား တိုးတက်ရာတိုးတက်ကြောင်းကို အမှန်တကယ် လိုလားတယ်ဆိုရင် အဲဒီနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေရဲ့ နောက်မြီးဆွဲဘဝနဲ့ သံယောင်လိုက်နေမယ့်အစား နိုင်ငံတော်အတွက် လက်တွေ့ကျတဲ့ အပြုသဘောဆောင် ချဉ်းကပ်ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သင့်တယ်။

ပေါ်ဦးထွန်း

နိုင်ငံတစ်ခုရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာဟာ
- နိုင်ငံတော် အစွန့်ရှည်တည်တံ့ရေး
- နိုင်ငံတော် လုံခြုံမှုရှိစေရေး
- နိုင်ငံတော် ကောင်းမွန်စွာ ရှင်သန်ရပ်တည်တိုးတက်နိုင်ရေး

ဆိုတဲ့ ကဏ္ဍ(၃)ရပ်ပဲ။ ဒီကဏ္ဍ(၃)ရပ်ဟာ ယေဘုယျခြုံပြီးစဉ်းစားရမယ့် ကဏ္ဍတွေဖြစ်သလို အရှည်သဖြင့်လဲ တိုင်းတာကြရမယ့် အချက်တွေလဲဖြစ်တယ်။

နိုင်ငံတကာ ဆက်ဆံရေးလမ်းကြောင်းပေါ်မှာရှိကြတဲ့ နိုင်ငံတွေဟာ ကိုယ့်နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားအတွက် မူဝါဒတွေ ချမှတ်ဆောင်ရွက်ရာမှာ အခြားသောနိုင်ငံတွေရဲ့ဆန့်ကျင်မှုကို ကြုံတွေ့ကြရတတ်တယ်။ အခြားသောနိုင်ငံတွေရဲ့ မူဝါဒရေးရာလှုပ်ရှားမှုတွေကို မိမိကတုံ့ပြန်ဆောင်ရွက်ရာမှာလဲ ကိုယ့်နိုင်ငံအကျိုးစီးပွားအပေါ်မူတည်ပြီး ဆန့်ကျင်မှု (Resisting)နဲ့ဖြစ်စေ၊ ပူးပေါင်းဆောင်ရွက်မှု (Co-operation)နဲ့ဖြစ်စေ၊ လက်ခံလိုက်နာဆောင်ရွက်ခြင်း (Accomodating)နဲ့ဖြစ်စေ တစ်နည်းနည်းကို ကျင့်သုံးဆောင်ရွက်ရလေ့ရှိတယ်။

နိုင်ငံတကာဆက်ဆံရေးလောကမှာ လှုပ်ရှားနေကြတာဟာ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတွေဖြစ်တဲ့အလျောက် အခြေခံသဘောကိုကြည့်မယ်ဆိုရင် နိုင်ငံတစ်ခုနဲ့တစ်ခု သဘောထားမတိုက်ဆိုင်မှုတွေ ဖြစ်လာရင် အဲဒီမတိုက်ဆိုင်မှုကို ဖြေရှင်းစေဖို့ဆိုတာက သဘောတူညီမှုရယူခြင်းဆိုတဲ့ နည်းလမ်းပဲရှိတယ်။ သဘောတူညီမှုရရှိတဲ့အပိုင်းမှာ လွတ်လပ်စွာ သဘောတူတာမျိုးရှိသလို၊ အတင်းအကျပ်ပြုခံရပြီး သဘောတူပေးရတာတွေလဲ ရှိပါတယ်။

ဒါ့ကြောင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အင်အားသုံးပြီး သဘောတူညီလာအောင် ပြုလုပ်တဲ့နည်းစနစ်တွေ ကျင့်သုံးခြင်းနဲ့ အလိုအလျောက် သဘောတူမှုဖြစ်လာစေဖို့ သိမ်းသွင်းစည်းရုံးခြင်းဆိုတဲ့ နည်းစနစ်နှစ်ရပ်စလုံးဟာ နိုင်ငံတွေရဲ့ စွမ်းဆောင်နိုင်မှု (Capability)မှာ ပါဝင်ပတ်သက်နေတယ်။

အဲဒီအခါ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အင်အားကြီးမှု၊ ငယ်မှုဆိုတာဟာ ပြဿနာရှိလာပြီ။ အင်အားကြီးနိုင်ငံတွေဟာ နိုင်ငံငယ်တွေကို သူတို့ရဲ့သဘောအလိုကျ ကြိုးဆွဲရာ ကနိုင်ဖို့အတွက် နည်းမျိုးစုံ၊ ဉစ်ကွက် အထွေထွေ၊ လှည့်ဖြားမှုအဖြာဖြာတို့သုံးပြီး သူတို့နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားတွေ ပိုမိုခိုင်မာထွန်းပြောင်လာအောင် ဆောင်ရွက်လာကြတတ်တယ်။

နိုင်ငံငယ်တွေဟာ စွမ်းဆောင်နိုင်မှုပိုင်းဆိုင်ရာ အားနည်းချက်တွေကြောင့် ကိုယ့်ထက်အားသာတဲ့ နိုင်ငံတွေရဲ့ ဗိုလ်ကျမှု၊ နိုင်ထက်စီးနင်းလုပ်မှု၊ အချုပ်အခြာအာဏာကို ပမာမခန့်ပြုမှု စတာတွေကို လိမ့်ခံရတော့တာပဲ။ နိုင်ငံကြီးတွေဟာ ပစ်မှတ်နိုင်ငံတွေအပေါ် သူတို့လိုချင်တဲ့ နိုင်ငံရေးမျှော်မှန်းချက်တွေ ထမြောက်လာစေဖို့ ဦးဆောင်အုပ်စုဖွဲ့ ဖိအားပေး အကျပ်ကိုင်တာမျိုး၊ ပစ်မှတ်နိုင်ငံက ပြည်သူတွေရဲ့ ပကတိအရှိတရားနဲ့ လိုလားချက်တွေကို ပစ်ပယ်ပြီး သူတို့ရဲ့သြဇာခံ လူတစ်စုအရေး ရှေ့တန်းတင်ပြီး တိုင်းပြည်အတွင်း ဆူပူအုံကြွမှုတွေအပါအဝင် ပရမ်းပတာ စည်းလွတ်ဝါးလွတ်တွေဖြစ်လာအောင် ကြံဆောင်ခြင်း (Misery and chaos)တွေ လုပ်ဆောင်လာခဲ့တယ်။ ဒီလောက်ဆို မင်းတို့လုပ်ရပ်တွေအပေါ် မင်းတို့ ပြန်လည်သုံးသပ်နိုင်လိမ့်မယ်လို့ထင်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဆိုင်ရာတွေကို လွှမ်းမိုးချုပ်ကိုင်နိုင်ဖို့အတွက် ပြည်ပအင်အားကြီးနိုင်ငံတွေနဲ့ ပြည်ပအုပ်စုတွေဟာ ပြည်တွင်းက သြဇာခံတွေကို ဗဟိုပြုပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ တည်ဆဲအစိုးရအပေါ် ဘယ်လိုအန္တရာယ်ပြုမှုတွေ လုပ်လာတတ်သလဲဆိုတာ ဆက်ပြီးလေ့လာကြည့်ကြရအောင်။

အချုပ်အခြာအာဏာပိုင်မှုနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာစေတဲ့ အန္တရာယ်ပြုမှုတွေကတော့

(၁) နိုင်ငံ၏ ပြည်တွင်းရေးများကို (ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ)အကြောင်းအမျိုးမျိုးပြပြီး ဝင်ရောက်စွက်ဖက်ခြင်း၊

(၂) နိုင်ငံ၏ အာဏာသက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ဟန့်တားခြင်း၊ ပျက်ပြယ်စေခြင်း၊

(၃) နိုင်ငံ၏ ပြည်တွင်းရေးဆောင်ရွက်ချက်ကိုသာမက ပြည်ပဆက်ဆံရေးနှင့် နိုင်ငံ၏ အခွင့်အရေးများကိုလည်း နည်းအမျိုးမျိုးဖြင့် ပိတ်ပင်ဟန့်တားခြင်း၊ လျော့နည်းဆုံးရှုံးစေခြင်း

ဆိုတာတွေကို တွေ့ရမှာဖြစ်ပြီး အစိုးရအပေါ် ဖြစ်ပေါ်လာစေတဲ့ အန္တရာယ်ပြုမှုတွေကတော့

(၁) တည်ဆဲအစိုးရ၏ အာဏာကိုထိပါးခြင်း၊ ယိုယွင်းစေခြင်း၊ လျော့နည်းပျက်စီးစေခြင်း၊

(၂) တည်ဆဲအစိုးရ၏ အုပ်ချုပ်မှုကိစ္စရပ်များ ထိရောက်မှုမရှိစေရန်ဆောင်ရွက်ခြင်း၊ ကြိုးကိုင်ခြယ်လှယ်ခြင်း

(၃) တည်ဆဲအစိုးရအပေါ် ပြည်သူလူထုမှ ယုံကြည်မှုလျော့နည်းပျက်စီးရန် မတရားယိုးစွပ် ပြောဆိုရေးသားထုတ်လွှင့်ခြင်း၊

(၄) တည်ဆဲအစိုးရ ပြုတ်ကျစေရေး မတရားနည်းလမ်းများ ကြံရွယ်လုပ်ဆောင်ခြင်း၊

(၅) တည်ဆဲအစိုးရကို ပုန်ကန်ခြင်း၊ လက်နက်ကိုင် ဆူပူသောင်းကျန်းခြင်းနှင့် အားပေးခြင်း၊

(၆) တည်ဆဲအစိုးရက ဥပဒေနှင့်အညီ တားမြစ်ခြင်းများကို ဖောက်ဖျက်ခြင်း၊

(၇) တည်ဆဲအစိုးရအပေါ် နည်းအမျိုးမျိုးဖြင့် ချုပ်ကိုင်ရန် ကြိုးစားအားထုတ်ခြင်း

ဆိုတာတွေပဲ။ အဲဒီတော့ ဒီကနေ့ မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ ဘယ်ပုံစံခွက်ထဲကအတိုင်း ဖြစ်နေတယ်၊ ဘယ်လိုအသုံးချခံဖြစ်နေတယ် ဆိုတာကို နိုင်ငံရေးအမြင်ရှိတဲ့လူတိုင်းက သိနေတယ်ကွာ။ ဒီတော့ မင်းတို့ ဘာလုပ်သင့်သလဲ ?□။ ။

အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသား အကျိုးစီးပွားဖော်ဆောင်မှုဟာ ဘယ်သို့ဖြစ်သင့်တယ်၊ ဘယ်သို့ ဖြစ်ရမယ်ဆိုပြီး ဘယ်လို ပြည်ပအင်အားစုမျိုးကမှ ချုပ်ချယ် ညွှန်ကြား အကျပ်ကိုင်တောင်းဆိုတာမျိုး လုပ်ဆောင်ခွင့်မရှိဘူး။ လက်ရှိမြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာရင်လဲ ထိုသဘော အတိုင်းပဲ။ ဘယ်နိုင်ငံ၊ ဘယ်အင်အားစုကမှ ဝင်ရောက်စွက်ဖက် ခွင့်မရှိဘူး။

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံများအတွင်း ဖြစ်ပေါ် တိုးတက်နေတဲ့ ဖြစ်စဉ်အကြောင်းတရားတွေအပေါ် မူတည်ပြီး မိမိတို့နိုင်ငံတွေအတွက် အကောင်းဆုံးဖြစ်မယ့် အမျိုးသား အကျိုးစီးပွားဆိုင်ရာ ရည်မှန်းချက်တွေကိုဖော်ထုတ် ကျင့်နေကြ ခြင်းသာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံချင်းဟာ မိမိတို့ နိုင်ငံတွေ အလိုက် ကြုံတွေ့နေရတဲ့ အခြေအနေတွေအပေါ် လွတ်လပ်စွာ လေ့လာသုံးသပ်ပြီး မိမိတို့ဆန္ဒတွေအတိုင်း ရည်မှန်းချက်တွေကို ရွေးချယ်ဖော်ထုတ်ခွင့်ရှိတယ်။

ဒါ့အပြင် မိမိနိုင်ငံအတွက် သင့်လျော်မယ့် မူဝါဒတွေ မိမိနိုင်ငံ နဲ့ ကိုက်ညီပြီး မှန်ကန်တယ်လို့ယူဆတဲ့ နည်းစနစ်တွေကို အသုံးပြု ဖော်ထုတ်ရယူ ကျင့်သုံးခွင့်ရှိတယ်။ နိုင်ငံတစ်နိုင်ငံဘက်က ရှုမြင် ကြည့်ရင် အကျိုးစီးပွား ရည်မှန်းချက်တွေနဲ့ မူဝါဒတွေအားလုံး ဟာ မိမိနိုင်ငံအတွက်ပဲ ဖြစ်ရမယ်။ ဒါထုံးစံပဲလေ။

ကမ္ဘာ့နိုင်ငံများ အစုအဝေးစနစ်မှာ အဖွဲ့ဝင်ဖြစ်တဲ့ နိုင်ငံ တစ်နိုင်ငံဟာ မိမိတို့ကြိုက်နှစ်သက်ရာ ဘယ်လိုဝါဒမျိုးကိုမဆို ကိုင်စွဲကျင့်သုံးခွင့်ရှိတယ်။ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက် လို့လဲ မိမိနိုင်ငံမှတစ်ပါး အခြားဘယ်နိုင်ငံ၊ ဘယ်လို အင်အားစုမျိုး ကိုမှ တာဝန်ခံစရာမလိုဘူး။

အတ္တလန္တစ် အာကာသယာဉ်မှူးများ နိုင်ငံတကာ အာကာသစခန်းအပြင်ဘက်၌ လမ်းလျှောက်

ဝါရှင်တန် ဇွန် ၁၆

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ရောက်ရှိနေသော အတ္တလန္တစ် အာကာသယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာ အာကာသစခန်းအပြင်ဘက်၌ ဇွန် ၁၃ရက်က လမ်းလျှောက်မှုများ ပြုလုပ်ခဲ့ကြကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

ပြင်ဆင်

အာကာသအတွင်း လမ်းလျှောက်ထွက်ခဲ့ကြသော အာကာသယာဉ်မှူးနှစ်ဦးမှာ ပက်ထရစ်ဖောရက်စတာနှင့် စတီဗ်စဝမ်ဆင်တို့ဖြစ်သည်။ အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်း၌ ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ကြသည်။

အသစ်လဲလှယ်

ထို့အပြင် နိုင်ငံတကာအာကာသယာဉ်စခန်းရှိ နေရောင်ခံပြားများ အသစ်လဲလှယ်မှုများကိုလည်း အာကာသယာဉ်မှူးများက လုပ်ဆောင်ခဲ့ကြသည်။ အာကာသယာဉ်မှူးများအနေဖြင့် ဇွန် ၁၅ရက်တွင် တတိယအကြိမ်အဖြစ် နိုင်ငံတကာ အာကာသယာဉ်စခန်း အပြင်ဘက်၌ လမ်းလျှောက်ခဲ့ကြသည်။

အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ်သည် မူလသတ်မှတ်ထားသည့်ရက်ထက် နှစ်ရက်ပိုမိုကြာမြင့်မည်ဖြစ်ပြီး အာကာသယာဉ်မှူးများအနေဖြင့်လည်း အာကာသအတွင်းလမ်းလျှောက်မှု အပိုတစ်ကြိမ် ထပ်မံပြုလုပ်နိုင်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



အတ္တလန္တစ် အာကာသယာဉ်မှူးများ နိုင်ငံတကာ အာကာသယာဉ်စခန်း အပြင်ဘက်၌ လမ်းလျှောက်နေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂျက်ကီချန်းနှင့် ဂျက်လီ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျိုကျင်းပြည်နယ်တွင် ကျင်းပသော "The Forbidden Kingdom" ရုပ်ရှင်ကား သတင်းစာရှင်းလင်းပွဲ၌ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် ဂျက်ကီချန်းနှင့် ဂျက်လီတို့အား ဇွန် ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံခြား ကြော်ငြာကုမ္ပဏီများ ဗီယက်နမ်၌ ထူထောင်ခွင့် ပေးမည်

ဟနွိုင်း ဇွန် ၁၆

ဗီယက်နမ်နိုင်ငံသည် ဒဗလျူတီအို၏ ခွင့်ပြုချက်ဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီလမှစတင်၍ နိုင်ငံခြားသားပိုင် ကြော်ငြာကုမ္ပဏီများ ထူထောင်ခွင့်ပေးမည်ဖြစ်ကြောင်း ဒေသထုတ်သတင်းစာဖြစ်သည့် ဆေးဂုံလစ်ဘရေးရှင်းသတင်းစာက ဇွန် ၁၄ ရက်၌ ရေးသားဖော်ပြသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်ဗီယက်နမ်နိုင်ငံအတွင်း အလုံးအရင်းဖြင့်ဝင်ရောက်လုပ်ကိုင်လာပြီဖြစ်ရာ ယင်းနိုင်ငံ၌ ကြော်ငြာကုမ္ပဏီပေါင်း ၃၀၀၀ခန့်ရှိသည်။

ဝင်ငွေရရှိ

၂၀၀၆ခုနှစ်က ဗီယက်နမ်နိုင်ငံသည် ကြော်ငြာလုပ်ငန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၄၃၇ ဒသမ ၅ သန်း ရရှိခဲ့ကြောင်း၊ ယင်းဝင်ငွေတွင် ဖက်စပ်ကုမ္ပဏီများမှ ရရှိငွေမှာ ၇၀ ရာခိုင်နှုန်းရှိကြောင်း ၎င်းသတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးစခန်းဂိတ်၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲ

အော့တဝါ ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇွန် ၁၁ ရက်က အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့၏ မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံး ဖောက်ခွဲ တိုက်ခိုက်ခြင်း ခံရသဖြင့် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

သေဆုံး

ကနေဒါတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်သို့ ၂၀၀၂ခုနှစ်မှ စတင်စေလွှတ်ပြီးနောက်ပိုင်းတွင် သေဆုံးသည့်ကနေဒါတပ်ဖွဲ့ဝင်ပေါင်း ၅၇ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ပင်လယ်နီ၌ အီဂျစ်ငါးဖမ်းသင်္ဘောတစ်စင်း ဓားပြတိုက်ခံရ

နိုင်ရိုဘီ ဇွန် ၁၆

ပင်လယ်နီထဲ၌ သင်္ဘောသား ၂၃ဦး စီးနင်းလိုက်ပါလာသော ငါးဖမ်းသင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက အပိုင်စီးသိမ်းပိုက်ခဲ့ကြောင်း၊ ယင်းဒေသ၌ ပင်လယ်ဓားပြတိုက်မှု ချုပ်ငြိမ်းခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ကင်ညာရေကြောင်းဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဇွန် ၁၀ ရက်၌ ပြောကြားသည်။

အပိုင်စီး

အဆိုပါသင်္ဘောသည် ဇွန် ၇ရက်က အီရီထရီးယားနိုင်ငံ ရေပိုင်နက်အနီး ခုတ်မောင်းနေစဉ် ပင်လယ်ဓားပြများ၏ ဓားပြတိုက် အပိုင်စီးခံခဲ့ရပြီး သင်္ဘောသား ၂၃ဦးကို ဖမ်းဆီးထားကြောင်း မွန်ဘာဆာအခြေစိုက် သင်္ဘောသား အကူအညီပေးရေးအဖွဲ့ အကြီးအကဲ အန်ဒရူးမွန်ဂူရာက ပြောကြားသည်။

ပြောကြား

ဖမ်းဆီးခံထားရသော သင်္ဘောသားများမှာ စူအန်၊ ဒါနီယက်ကာနှင့် ပို့တ်ဆက်ဒ်ပြည်နယ်များမှဖြစ်ကြောင်း၊ ယင်းဒေသတွင် ထိုဖြစ်ရပ်မျိုး မဖြစ်ပွားခဲ့သည်မှာ သုံးနှစ်နီးပါးကြာမြင့်ခဲ့ပြီးနောက် ယခုအကြိမ်သည် ပထမဆုံးသင်္ဘောဓားပြတိုက်ခံရခြင်းဖြစ်ကြောင်း မွန်ဂူရာက ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်၌ ပစ်ခတ်မှု တစ်ဦးသေဆုံး

ကယ်လ်ကီလ်ယာ ဇွန် ၁၆

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်၌ ဇွန် ၁၄ ရက်က အစ္စရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း သေနတ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

ဖြစ်ပွား

အစ္စရေးစစ်တပ်က ယင်းဒေသတွင် ထိုးစစ် ဆင်နွှဲပြီးနောက် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သော်လည်း အသေးစိတ်ပြောကြားခြင်း မရှိပေ။

သေဆုံးခဲ့

ယင်းသေနတ်သမားသည်မာမွတ်အဘက်စ်၏ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အပြန်အလှန် ပြင်းထန်စွာ ပစ်ခတ်ကြစဉ်အတွင်း သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

ယခုလတွင် အနောက်ဘက်ကမ်းဒေသကို အစ္စရေးတပ်များက သိမ်းပိုက်ခဲ့စဉ်အတွင်း ပါလက်စတိုင်းသေနတ်သမားလေးဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရားမဝင် လာရောက်သူများအား ခိုးသွင်းမှု အမေရိကန်လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး စွဲချက်တင်ခံရ

ဝါရှင်တန် ဇွန် ၁၆

အမေရိကန်ပြည်ထောင်စု အနောက်တောင်ပိုင်း၌ တာဝန်ကျသည့် တက္ကဆက် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးအား နိုင်ငံအတွင်း ခိုးဝင်သူများကို သယ်ယူပို့ဆောင်ပေးမှုဖြင့် ဇွန် ၁၁ရက်က စွဲချက်တင်လိုက်ကြောင်း မီဒီယာများက ဖော်ပြသည်။

ဖမ်းဆီး

မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းမှုနှင့် တရားမဝင် လာရောက်သူများ တားဆီးရေးအတွက် အမေရိကန်–မက္ကဆီကို နယ်စပ်၌ ၎င်းတို့သုံးဦးကို တာဝန်ချထားပြီးနောက် တပ်ဖွဲ့ဝင်တစ်ဦး မောင်းနှင်လာသည့် ကားကြီးတစ်စီးအတွင်းမှ ခိုးဝင်လာသူ ၂၄ဦး တွေ့ရှိခဲ့ရာ ၎င်းတို့ သုံးဦးစလုံးကို ပြီးခဲ့သည့် ရက်သတ္တပတ်က ဖမ်းဆီးလိုက်သည်။

အရေးယူ

ပြစ်မှုထင်ရှားလျှင် ထိုလုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးမှာ ထောင်ဒဏ်၁၀နှစ်နှင့် ဒဏ်ငွေဒေါ်လာ၂၅၀၀၀၀ ပေးဆောင်ရမည့်အပြင် စစ်ဘက်မှလည်း ၎င်းတို့အား အရေးယူဦးမည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

၂၀၀၆ခုနှစ် အကောင်းဆုံးအားကစားဆုများနှင့်နည်းပြဆုချီးမြှင့် အောင်ဆန်းဦး၊ ရာသက်ပန်နှင့် ဦးကျော်ဇင်မိုးတို့ရရှိ

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံတွင် ထူးချွန်သော အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးနှင့် မြန်မာ့အားကစား အဆင့်အတန်း မြင့်မားပြီး ဖွံ့ဖြိုး

"အခုလို ဆုချီးမြှင့် ခံရတဲ့ အတွက် အရင်ကထက် ပိုပြီး ကြိုးစားအားထုတ် ယှဉ်ပြိုင်သွားမှာပါ" အောင်ဆန်းဦး (ဘိလိယက်)

တိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် တို့မှ ၂၀၀၆ခုနှစ် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ပွဲကို ရန်ကုန်မြို့ ဟိုတယ်နီကိုးတွင် ဇွန် ၁၆ရက်ညက ကျင်းပခဲ့သည်။

အဖွင့်အမှာစကား

အခမ်းအနားသို့မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် က အဖွင့်အမှာ စကားပြောကြားသည်။

အကောင်းဆုံးနည်းပြဆု

ထို့နောက် မြန်မာနိုင်ငံအားကစား ကလောင်ရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်မှု အခြေအနေများကို ရှင်းလင်းပြောကြား သည်။ ထိုသို့ ရှင်းလင်းပြောကြားပြီး နောက်၂၀၀၆ခုနှစ်အတွက် အကောင်း ဆုံး အားကစားသမား ဆုများကို ကြေညာခဲ့ရာ အကောင်းဆုံးအမျိုးသား အားကစားသမားဆုအဖြစ် အောင်ဆန်း ဦး (ဘိလိယက်)၊ အကောင်းဆုံး အမျိုး သမီး အားကစားဆုအဖြစ် ရာသက်ပန် (အလေးမ)နှင့် အထူးဆုအဖြစ်အကောင်း ဆုံး နည်းပြဆုကို ဦးကျော်ဇင်မိုး (ပိုက်ကျော်ခြင်း) တို့က ရရှိခဲ့ကြ သည်။

"နိုင်ငံတကာ အတွေ့အကြုံ တွေနဲ့ ပေါင်းစပ်ပြီး အားကစား သမားတွေကို အကောင်းဆုံး လေ့ကျင့်ပေးသွားမှာပါ"
ဦးကျော်ဇင်မိုး(ပိုက်ကျော်ခြင်းနည်းပြ)

ဆုရရှိသူများကို အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံအားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး တို့က ဆုများချီးမြှင့်ပေးသည်။

အကောင်းဆုံးကြိုးစား

ထို့နောက် ၂၀၀၆ခုနှစ် အကောင်း ဆုံး အမျိုးသား အားကစားသမားဆု ရရှိသူ အောင်ဆန်းဦး(ဘိလိယက်) နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံ မေးမြန်းရာ "ဒီဆုက ကျွန်တော့် အတွက် ပထမဆုံးအကြိမ် ရရှိခဲ့တာပါ၊ ဘိလိယက်ကို ငယ်စဉ်ကတည်းက ဝါသနာပါပြီး အပျော်တမ်း ကစားခဲ့ တာမို့ အလေ့အကျင့်လဲ ကောင်းခဲ့ပါ တယ်။ ၁၉၉၆ခုနှစ်ကစပြီး ဘိလိယက် အဆင့်မြင့် ကစားခဲ့ချိန်ကစပြီး ဆု တံဆိပ်တွေ အများကြီးရခဲ့ပါတယ်။ ပြည်တွင်းမှာရော ပြည်ပမှာပါရရှိခဲ့တာ ပါ။ အခုဒီဆုကိုရရှိတဲ့အတွက် ရှေ့ဆက် ပြီး နိုင်ငံတော်အတွက် အကောင်းဆုံး ကြိုးစားကစားပေးသွားဖို့ စိတ်ဓာတ် အင်အားတွေ ပိုဖြစ်ရပါတယ်"ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

အကောင်းဆုံးအားကစားသမားဆု

အောင်ဆန်းဦးသည် (၂၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် နှစ်ယောက်တွဲပြိုင်ပွဲ၌ ရွှေ တံဆိပ်ဆုရရှိခဲ့ပြီး ၂၀၀၆ခုနှစ် ငါးကြိမ် မြောက်အာရှဘိလိယက် ချန်ပီယံရှစ် ပြိုင်ပွဲ၌ ချန်ပီယံဆုရရှိခဲ့သူလည်းဖြစ် သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပ အခြားဆုတံဆိပ်များစွာ ရရှိခဲ့သူဖြစ် သဖြင့် ယခုကဲ့သို့ အကောင်းဆုံး

"ဆုချီးမြှင့် ခံရတဲ့အတွက် အလွန်ဝမ်းသာပါတယ်၊ (၂၄) ကြိမ်မြောက် ဆီးဂိမ်းအတွက်လဲ အကောင်းဆုံးဖြစ်အောင် လေ့ကျင့်နေပါတယ်"
ရာသက်ပန် (အလေးမ)

အားကစားသမားဆုကို ရွေးချယ်ချီးမြှင့် ခြင်းခံရသူဖြစ်သည်။

စွမ်းအားရှိသရွေ့

ထို့နောက် ၂၀၀၆ခုနှစ် အကောင်း ဆုံး အမျိုးသမီး အားကစားသမားဆု ရရှိသူ ရာသက်ပန်နှင့် တွေ့ဆုံမေးမြန်း ခဲ့ရာ ရာသက်ပန်က "အလေးမ အားကစားကို ၁၉၉၈ခုနှစ်ကစပြီး ကစားခဲ့တာပါ။ ပြည်တွင်း၊ ပြည်ပ ဆုတံဆိပ်တွေတော့ အများကြီးရရှိ ခဲ့ပြီးပါပြီ။ အခု မြန်မာနိုင်ငံ ကလောင် ရှင်များအဖွဲ့ချုပ်ကချီးမြှင့်တဲ့ အကောင်း ဆုံး အမျိုးသမီးအားကစားသမားဆု ကတော့ ပထမဆုံးရရှိခြင်း ဖြစ်ပါ တယ်။ ဒီဆုရတော့ ပိုပြီးကြိုးစားရမယ် ဆိုတဲ့ အသိစိတ်တွေ ဝင်လာပါတယ်။ စွမ်းအားရှိသရွေ့ အလေးမအားကစား ကို ဆက်လက်ကစားသွားမှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

စခန်းသွင်းလေ့ကျင့်

ရာသက်ပန်သည် လက်ရှိ၌ မြန်မာ နိုင်ငံ မီးရထားဝန်ကြီးဌာန ကိုယ်စားပြု

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦး ၂၀၀၆ခုနှစ် အကောင်းဆုံးအမျိုးသမီးအားကစားဆုရ ရာသက်ပန် (အလေးမ)အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

အလေးမကစားခြင်းကို ယှဉ်ပြိုင်ကစား နေသူဖြစ်သည်။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ်ဆု၊ ၂၀၀၆ခုနှစ်က ကျင်းပသည့် (၁၅)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ၌ ဒုတိယဆုများရရှိ ခဲ့သူဖြစ်သည်။ ပြည်တွင်းအားကစား ပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်ပေါင်း များစွာ ရရှိခဲ့သူဖြစ်သဖြင့် ယခုကဲ့သို့ ၂၀၀၆ခုနှစ် အကောင်းဆုံး အမျိုးသမီး အားကစားသမားဆု ရရှိခဲ့ခြင်းဖြစ် သည်။လောလောဆယ်တွင် (၂၄)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်စခန်းသွင်း လေ့ကျင့်မှုများပြုလုပ်နေသူ ဖြစ်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၆ခုနှစ် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ အောင်ဆန်းဦး (ဘိလိယက်) အား ဤသို့ ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

နိုင်ငံတကာအတွေ့အကြုံ

ဆက်လက်၍ ၂၀၀၆ခုနှစ် အကောင်းဆုံးနည်းပြဆုရရှိသူ ဦးကျော် ဇင်မိုးနှင့် ဆက်လက်တွေ့ဆုံ မေးမြန်း ရာ ဦးကျော်ဇင်မိုးက "ပိုက်ကျော်ခြင်း နည်းပြအဖြစ်နဲ့ ၁၉၉၆ခုနှစ်က စလုပ် တာပါ။ နည်းပြအဖြစ် တာဝန်ယူပြီး ချိန်ကစပြီး ပိုက်ကျော်ခြင်းအားကစား သမားတွေအနေနဲ့ နိုင်ငံတကာပွဲတွေ မှာ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ် ၁၆ခုနဲ့ ကြေးတံဆိပ် ၁၆ခု ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော် က ခြင်းလုံးသံကြားရင် ပျော်နေတတ် သူဆိုတော့ နိုင်ငံတကာအတွေ့အကြုံ တွေနဲ့ပေါင်းစပ်ပြီး ကိုယ်စွမ်းရှိသရွေ့ နည်းပြအဖြစ် ဆောင်ရွက်ပေးသွားမှာ ပါ"ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

ဦးကျော်ဇင်မိုးမှာ ဗိုလ်ကြီး (အငြိမ်း စား) တစ်ဦးဖြစ်ပြီး ပိုက်ကျော်ခြင်း ကစားမှုကို ၁၉၈၇ခုနှစ် တက္ကသိုလ် ကျောင်းသား ဘဝမှာပင် ကစားခဲ့သူဖြစ် သည်။ တပ်မတော်အတွင်း ဝင်ရောက် ပြီး ဗထူးတပ်နယ်အားကစားပြိုင်ပွဲ၌ ပိုက်ကျော်ခြင်း ပထမဆု ရရှိခဲ့သလို တပ်မတော် (လေ)အသင်းနှင့် ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကာကွယ်ရေး ဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန လက်ရွေးစင် အဖြစ် ၂၀၀၃ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ကစားခဲ့သူ ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစား အဖွဲ့ချုပ်၌ အထွေထွေအတွင်းရေးမှူး တာဝန်လည်း ယူထားသူဖြစ်သည်။

ချီးမြှင့်ခဲ့

ယခုချီးမြှင့်သည့် ၂၀၀၆ခုနှစ် အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသမီး အားကစားဆု များအတွက် မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ်က ငွေကျပ် ၁၀သိန်းစီနှင့် မြန်မာနိုင်ငံအိုလံပစ် ကောင်စီက ငွေကျပ် ၁၀သိန်းဆုငွေ ချီးမြှင့်ခဲ့သည်။ ၂၀၀၆ခုနှစ် အကောင်း ဆုံးနည်းပြ ဆုအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ငွေကျပ် ငါးသိန်း နှင့်မြန်မာနိုင်ငံ အားကစားကလောင် ရှင်များအဖွဲ့ချုပ်က ငွေကျပ်ငါးသိန်း ဆုချီးမြှင့်ခဲ့သည်။

ဝိုင်းဝန်းလှူဒါန်း

ယခုကဲ့သို့ မြန်မာနိုင်ငံအားကစား ကလောင်ရှင်များ အဖွဲ့ချုပ်က နှစ်စဉ် အကောင်းဆုံး ဘောလုံးသမားဆုနှင့် အထူးဆုများကို ဆုငွေ ချီးမြှင့်နိုင်ရန် ကမ္ဘောဇဘဏ်လီမိတက်က ငွေကြေး များ ထည့်ဝင်လှူဒါန်းသကဲ့သို့ အခြား အလှူရှင်များကလည်း ဝိုင်းဝန်းလှူဒါန်း ခဲ့ကြကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၉၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ မြင့်ကြူနိုင်(မုံရွာ)၊ မောင်ဘုန်းဝေ (တောင်ကုတ်)၊ အောင်ထက်အေး (ဥပဒေ)၊ လှိုင်ဝင်းဆွေ၊ မောင်မြေမာ (ဖျာပုံ)၊ နတ်မောက်ကြိုင်သင်း၊ မောင်ထက်မွန် (ရေစကြို)၊ အောင်ထွန်းလင်း (ချောက်)၊ သာကီဟိန်း(တကောင်း)နှင့် ဝင့်ဝါထွန်း(ဂန္ဓဝင်ကုန်း)တို့၏ အဖွင့် ကဗျာများ၊ စောမုံညင်း၊ နေမျိုးသန့်၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်ခင်မောင်အေး၊ မင်းဘူးအောင်ကြိုင်၊ ဒေါက်တာချိုချိုတင့် (မြန်မာစာ)၊ တက္ကသိုလ်စိုးယဉ်၊ ခင်ဇ(စက်မှု)၊ ပုသိမ်အောင်သန်းဦး၊ စာကြည့်တိုက်ခင်မောင်၊ စကုဆွေသစ်၊ မျိုးမြင့် ကြိုင်(သင်)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့၏ ဆောင်းပါးများ၊ လယ်တွင်းသား စောချစ်၊ ဦးစံတင်အောင်(ရွှေဘို)၊ မောင်ခြိမ့်၊ မောင်လှိုင်သစ် (ချစ်စရာမြေ)၊ ကသာထင်ကျော်ဦး၊ သွဲ့ထားညို (သက္ကလ)၊ ရွှေညာသားမြတ်မင်း၊ ကျော် လွင်(စက်မှု)၊ ဘွင်းဘွင်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာ ပန်းရုံရိပ်များဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေ ဗိမာန် စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင် ကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်တာနက် ဟောင်ပိတ်သတင်း

အာကာသစခန်း၌ အကြာဆုံး စံချိန်တင်နေထိုင်သူ

နာဆာ ဇွန် ၁၆

နိုင်ငံတကာ အာကာသစခန်းတွင် ရောက်ရှိနေသော အမေရိကန်အမျိုးသမီး အာကာသယာဉ်မှူး ဆူနီတာဝီလျံသည် အမျိုးသမီးတစ်ဦး အနေဖြင့်အာကာသ၌ အချိန်အကြာဆုံး နေထိုင်နိုင်သည့် စံချိန်သစ်ကို တင်နိုင်ခဲ့သည်။

သူမသည် ဇွန်၁၆ရက်(စနေနေ့) ဂရင်းနစ်စံတော်ချိန် ၅နာရီ ၄၇မိနစ်တွင် ၁၉၉၆ခုနှစ်က ရှန်နွန်လူစစ်တင်ထားသော အာကာသစခန်း၌ နေထိုင်သည့်ရက် ၁၈၈ရက်နှင့် လေးနာရီ စံချိန်ကိုကျော်လွန်လျက် ဆက်လက်နေထိုင်လျက်ရှိသည်။

ပြန်လာမည်

မစ္စစ်ဝီလျံသည် ကြာသပတေးနေ့တွင် အတ္တလန္တစ် လွန်းပြန်ယာဉ်ဖြင့် ကမ္ဘာမြေပြင်သို့ ပြန်လာလိမ့်မည်ဟု ဆိုသည်။

သူမသည် အမျိုးသမီးတစ်ဦးအနေဖြင့် အာကာသတွင် အကြာဆုံး လမ်းလျှောက်စံချိန်ကိုလည်း တင်နိုင်ခဲ့သည်။ ၎င်း၏အာကာသတွင်း လမ်းလျှောက်စံချိန်မှာ ၂၂နာရီနှင့် ၂၇မိနစ်ဖြစ်သည်။

၂၀၀၇ ခုနှစ် အိုလံပစ်အထိမ်းအမှတ် ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲ သက်ကြီးတန်းမောင် ဦးပြားနှင့် ကာယအလှမယ်အငယ်တန်း မဟန်နွေညိမ်းရရှိ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အငယ်တန်းမောင်ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော မောင်အောင်ချမ်းလင်းအား ဆုချီးမြှင့်စဉ်။

ရန်ကုန် ဇွန် ၁၆

မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံခန်းမ စင်မြင့်ထက်၌ မီးရောင်များဖြာကျနေသည်။ ခေတ်ပေါ်သံစဉ် တေးသွားများနှင့်အတူ ကိုယ်ဟန်ပြနေကြသော ကာယဗလမောင်နှင့် ကာယအလှမယ်များ၏ ကိုယ်ဟန်ပြမှုများက ပရိသတ်ရင်ကို လှုပ်ရှားနိုင်စွမ်းရှိနေသည်။

စုပေါင်းကျင်းပ

ယခုပြိုင်ပွဲမှာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၁၆ ရက်က ကျင်းပသော ၂၀၀၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲဖြစ်ပြီး မြန်မာနိုင်ငံကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်နှင့် M.G.S Beverages Co.,Ltd. တို့က ပူးပေါင်းကျင်းပခြင်းလည်းဖြစ်သည်။

ကာယအလှမယ် အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မစုစုစံ ဆုယူအပြီးတွေ့ရစဉ်။

ပြိုင်ပွဲသို့ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အတူ တာဝန်ရှိသူများ တက်ရောက်အားပေးကာ ဆုများချီးမြှင့်ပေးခဲ့သည်။ ပြိုင်ပွဲတွင် အသက်၅၀နှင့်အထက် သက်ကြီးတန်း ကာယဗလမောင်ပြိုင်ပွဲ၊ အသက် ၂၁နှစ်အောက် အငယ်တန်း ကာယဗလမောင်ပြိုင်ပွဲ၊ အကြီးတန်း အိုလံပစ်မောင်ပြိုင်ပွဲ၊ ကာယအလှမယ် အငယ်တန်းပြိုင်ပွဲ၊ ကာယအလှမယ် အကြီးတန်းပြိုင်ပွဲများကို အစဉ်လိုက် ကျင်းပပြုလုပ်ခဲ့သည်။

အသက် ၅၀အထက်

ပထမဦးစွာ အသက် ၅၀နှင့်အထက် သက်ကြီးတန်း ကာယဗလမောင်ပြိုင်ပွဲကျင်းပရာအသက်အကြီးဆုံး ၇၆နှစ်မှ အသက် အငယ်ဆုံး ၅၅နှစ်အထိ အသက်ကြီးတန်း မောင်ပေါင်း ၁၀ ဦးယှဉ်ပြိုင်ရာ ပြိုင်ပွဲဝင်အားလုံးမှာ အသက်အရွယ် ကြီးရင့်သူများဖြစ်သော်လည်း ကြွက်သား အဖုအထစ်တို့ ပြည့်တင်းမို့မောက်ကာ ကျန်းမာကြံ့ခိုင် သန်စွမ်းမှုကို အတိုင်းသား ပေါ်လွင်လျက်ရှိကြောင်း တွေ့ရသည်။

စိတ်ကြိုက် ကိုယ်ဟန်ပြကွက်၊ သတ်မှတ် ကိုယ်ဟန်ပြကွက်များဖြင့် ပြသယှဉ်ပြိုင်ကြရာ မြူးကြွသော သံစဉ်နှင့် အတူ လက်မောင်းကြွက်သား၊ ဝမ်းဗိုက်ကြွက်သား၊ ပေါင်ကြွက်သား စသည်တို့ကို အကောင်းဆုံးပြသသွားနိုင်ကြသည်။ ထိုပြိုင်ပွဲ၌ သက်ကြီးတန်း ကာယဗလမောင်အဖြစ် အသက် ၆၃နှစ်အရွယ်ရှိ ဦးပြားကရရှိပြီး၊ ဒုတိယဆုကို အသက် ၅၈နှစ်အရွယ်ရှိ ဦးခွန်တင်မောင်မောင်နှင့် တတိယဆုကို အသက် ၅၉နှစ်အရွယ် ဦးအောင်ပန်းစိန်တို့က ရရှိသွားသည်။

"ဒီဆုနဲ့ဆိုရင် ခြောက်ကြိမ်ရရှိပြီးဖြစ်ပါတယ်။ ပြိုင်ပွဲတွေ ဆက်ပြိုင်ဦးမှာပါ" ဦးပြား

သက်ကြီးတန်း

သက်ကြီးတန်း ကာယဗလမောင် ပထမဆုဆွတ်ခူးခဲ့သော ဦးပြားအား ဆုယူအပြီး စင်မြင့်ပေါ်မှ ဆင်းလာစဉ် တွေ့ဆုံမေးမြန်းရာ ဦးပြားက "ဆုရတာ ဒီတစ်ကြိမ်နဲ့ဆိုရင် ခြောက်ကြိမ်ရှိပါပြီ။ ကာယဗလမောင်ပြိုင်ပွဲ ကို ၁၉၉၀ ပြည့်နှစ်ကစတင်ပြီး ဝင်ပြိုင်တာပါ။ ဝါသနာကတော့ ငယ်စဉ်ကျောင်းသားဘဝကတည်းက ပါခဲ့တာဆိုတော့ အဲဒီအချိန်ကစပြီး ကာယလေ့ကျင့်ကစားမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြည်တွင်းမှာပဲ ယှဉ်ပြိုင်ပြီး ပြည်ပမှာတော့ တစ်ခါမှ မယှဉ်ပြိုင်ခဲ့ဖူးပါဘူး၊ ဒီပြိုင်ပွဲအတွက် ရှစ်လလောက် လေ့ကျင့်ခဲ့ရပါတယ်။ လောလောဆယ်မှာတော့ ကုန်သွယ်ရေးက အငြိမ်းစားယူပြီး မန္တလေးမှာ အမျိုးသမီးကာယနည်းပြ လုပ်နေပါတယ်။ ပြိုင်ပွဲတွေကို ရှေ့ဆက်ပြီး ယှဉ်ပြိုင်သွားဦးမှာပါ။ ကျွန်တော်အခုလို ပြိုင်ပွဲတွေဝင်နေတာဟာ "ကျန်းကျန်းမာမာ အသက်တစ်ရာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဝင်ပြိုင်နေခြင်းဖြစ်ပါတယ်"ဟု ဖြေကြားသွားသည်။

အသက်အရွယ် ရလာပြီဖြစ်သော်လည်း လူငယ်တစ်ဦးကဲ့သို့ ကြံ့ခိုင်ကျန်းမာနေဆဲဦးပြားမှာ နောက်ပြိုင်ပွဲများ၌လည်း အောင်ဆုများ ဆက်လက်ရရှိနေဦးမည်သာဖြစ်သည်။

မောင်အောင်ချမ်းလင်း

ထို့နောက် အသက် ၂၁နှစ်အောက် အငယ်တန်း အိုလံပစ်မောင်အဖြစ် ပထမဆုရရှိခဲ့သော မောင်အောင်ချမ်းလင်းနှင့် ဆုယူအပြီး မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာ "ပြိုင်ပွဲဝင်တာ ၂၀၀၄ခုနှစ်က စတင်ခဲ့ပါတယ်။ အသက် ၂၁ နှစ်အောက် အငယ်တန်း အိုလံပစ်မောင်အဖြစ် ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ခုနှစ်တွေမှာ ဆက်တိုက်ရရှိခဲ့ပြီး အခု ဒီနှစ်မှာလဲ ထပ်မံရရှိခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရည်ရွယ်ချက်ကတော့အာရှနဲ့ အရှေ့တောင်အာရှ ပြိုင်ပွဲတွေမှာ အနိုင်ရရှိပြီး နိုင်ငံ့ဂုဏ် ဆောင်ချင်တာပါ။

ကာယအလှမယ် အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မဟန်နွေညိမ်း၏ ပြိုင်ပွဲဝင်ဟန်။

နိုင်ငံတကာပြိုင်ပွဲတွေမှာ တစ်ကြိမ်မျှ သွားရောက်မယှဉ်ပြိုင်ရသေးပါဘူး"ဟု မောင်အောင်ချမ်းလင်းက ဖြေကြားသွားသည်။

မောင်အောင်ချမ်းလင်းမှာ မကွေးတိုင်း ငဖဲမြို့နယ် ပဒန်းရွာဇာတိဖြစ်ပြီး ငယ်စဉ်ကတည်းက ဝါသနာပါရှိခဲ့ကာ ယခုကဲ့သို့ လေ့ကျင့်ကြိုးစားပြိုင်ပွဲဝင်ခဲ့သဖြင့် ဆုများရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကာယအလှမယ် အငယ်တန်း(Ms. Quench/Jnr)ပြိုင်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲ အလှမယ် ၁၀ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ တေးသွားသံစဉ်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပြိုင်ပွဲဝင်ကြသည့် အလှမယ်များကို ကျက်သရေရှိစွာ မြင်တွေ့ရသည်။ တစ်ဦးချင်း ကိုယ်ဟန်ပြမှု၊ လမ်းလျှောက်မှုနှင့် မေးခွန်းတစ်ခုစီကို ဖြေဆိုကြရသည်။

အကဲဖြတ်ဒိုင်လူကြီးများက ကာယအလှမယ်အငယ်တန်း၌ ပထမ မဟန်နွေညိမ်း၊ ဒုတိယ မခင်သက်မွန်ဝင်းနှင့် တတိယမရတနာဖြိုးတို့ကို ရွေးချယ်ခဲ့ရာ ပထမဆုရ မဟန်နွေညိမ်းအား ဆုယူအပြီး မေးမြန်းရာ "ကြိုတင်လေ့ကျင့်မှုတွေကို အချိန်ယူပြီးလုပ်ခဲ့ပါတယ်၊ ဒီဆုကို မမျှော်မှန်းရဲခဲ့ပေမယ့် အခုလို ရရှိတော့အရမ်းဝမ်းသာပါတယ်၊ ကာယအလှမယ်ပြိုင်ပွဲတွေကို ၂၀၀၅ခုနှစ်ကစပြီး ယှဉ်ပြိုင်ခဲ့တာပါ၊ ၂၀၀၅ခုနှစ်မှာ ရန်ကုန်တိုင်းမယ်ရရှိခဲ့ပြီး အဲဒီနှစ်မှာ ပြုလုပ်တဲ့ တပ်မတော်(ကြည်း၊ ရေ၊လေ)ကာယအလှမယ်ပြိုင်ပွဲမှာတော့ ပဉ္စမရရှိခဲ့ပါတယ်၊ ၂၀၀၆ခုနှစ် အိုလံပစ် အငယ်တန်းကာယအလှမယ်ပြိုင်ပွဲမှာ ဒုတိယရရှိခဲ့ပြီး အခုဒီနှစ်မှာ ပထမဆုရရှိခဲ့တာပါ"ဟု မဟန်နွေညိမ်းက ဆုတံဆိပ်ကိုင်ကာ အပြုံးဖြင့်ဖြေကြားသွားသည်။

မဟန်နွေညိမ်းသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူတစ်ဦးဖြစ်ပြီး ရှေ့ဆက်ပြီး ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

တစ်ဖန် ကာယအလှမယ်အကြီးတန်း (Ms. Quench/Snr) ပြိုင်ပွဲ၌ ပထမဆုရရှိသော မစုစုစံနှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ မစုစုစံက "ပြိုင်ပွဲကို စတင်ဝင်ပြိုင်ဖြစ်တာက ၂၀၀၀ ပြည့်နှစ်ကပါ။ အဲဒီတုန်းက မယ်ဒဂုံ ပထမဆုရရှိခဲ့ပြီး၊ ၂၀၀၄ခုနှစ်မှာ ရန်ကုန်တိုင်း ပြည်ထောင်စုမယ် ရရှိခဲ့ပါတယ်။ ၂၀၀၆ခုနှစ်မှာ ပြည်နယ်နှင့်တိုင်း ကာယအလှမယ်ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပြီး အခု ၂၀၀၇ခုနှစ်မှာ ကာယအလှမယ် အကြီးတန်း ပထမဆုရရှိခဲ့တာပါ။ လက်ရှိ ဒဂုံတက္ကသိုလ်မှာ ပထမနှစ်ကျောင်းသူဖြစ်ပြီး သမီးဆန္ဒကတော့ ကြော်ငြာ သရုပ်ဆောင်ဖြစ်ချင်ပါတယ်"ဟု ရိုးသားပွင့်လင်းစွာ ဖြေကြားသွားသည်။

ကြိုးစားလေ့ကျင့်ခဲ့

ထို့နောက် ကာယဗလမောင် အကြီးတန်းတွင် ပထမဆု ရရှိသွားသော ကိုအောင်ခိုင်ဝင်းနှင့် တွေ့ဆုံပြီး ဆုရရှိမှုအပေါ် မေးမြန်းရာတွင် "ဒီနှစ်ထဲမှာ ကျင်းပခဲ့တဲ့ မောင်မြန်မာပြိုင်ပွဲမှာ တတိယပဲရရှိခဲ့တာမို့ ခံစားခဲ့ရပါတယ်။ ဒါကြောင့် မခံချင်စိတ်နဲ့ ကြိုးစားလေ့ကျင့်ခဲ့တာကြောင့် အခုလို ဒီပွဲမှာ ပထမဆု ဆွတ်ခူးနိုင်ခဲ့တာပါ"ဟု ကိုအောင်ခိုင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကာယအလှမယ် အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မဟန်နွေညိမ်း ဆုယူပြီး တွေ့ရစဉ်။

ကိုအောင်ခိုင်ဝင်းသည် ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများ၌ ဆုတံဆိပ်ပေါင်းများစွာ ရရှိခဲ့သူဖြစ်ပြီး ဆက်လက်၍ ပြိုင်ပွဲများ ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည့် လူတစ်ဦးဖြစ်ကြောင်း သိရသည်။

၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲသည် အောင်မြင်စွာဖြင့် ပြီးဆုံးသွားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေကြစဉ်။

မုံရွာ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ပံ့ပိုးသော Monywa Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့တွင် မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲကို အတန်းသုံးတန်းခွဲ၍ ရွှေအဆင့်၊ ငွေအဆင့်နှင့် ကြေးအဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများသည် ဇွန် ၂၈ရက် နောက်ဆုံးထား၍ ဦးထွန်းရှင် (အတွင်းရေးမှူး) ဖုန်း-၀၉-၂၁၃၀၄၀၁၊ ဗိုလ်မှူးမျိုးဟန်ချင်း ဖုန်း-၀၉-၂၁၃၀၃၄၅နှင့် မုံရွာဂေါက်ကလပ် ဖုန်း-၀၇၁-၂၁၅၅၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

မေ ၂၉ရက်က ဗဟန်းမြို့နယ်အတွင်း ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးလုပ်ငန်းအတွက် ဦးစင်ကြောင်စုံမိသားစု (Lwin And Swan Trading Co., Ltd.)က လှူဒါန်းငွေ ကျပ်ငါးသိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးတို့ ပစ်မှတ်ထားနေသော မီဂွယ်

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

မက်ဒရစ် ဇွန် ၁၆

ချယ်လ်ဆီးအသင်းသည် အပြောင်းအရွှေ့ဈေးကွက်တွင် ငွေကြေး အကုန်အကျခံမှု အနည်းဆုံး စိစစ်သုံးစွဲနေပြီး ထိပ်တန်း ဘောလုံးသမားများထက် အလယ်အလတ် ဘောလုံးသမားများကိုသာ ရွေးချယ်ခေါ်ယူလျက်ရှိနေသည်။

ဈေးကောင်းပေး

ဘောလုံးသမားအသစ် ဖြည့်တင်းရေးတွင် ငွေကြေးကန့်သတ်ထားခြင်း မပြုလုပ်ထားကြောင်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က ပြောကြားနေသော်လည်း လက်တွေ့၌မူ ဈေးကောင်းပေး ခေါ်ယူထားသည့် ထိပ်တန်း ဘောလုံးသမားတစ်ဦးမျှ ရောက်ရှိမလာသေးချေ။

တက်ကြွမှုမရှိ

လက်ရှိဘောလုံးသမားများဖြင့် ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူနိုင်ကြောင်း နည်းပြမော်ရင်ဟိုက ကြုံးဝါးထားရာ အေဘရာမိုဗစ်ချ်ကလည်း ကစားသမားများဝယ်ယူရေးအတွက် တက်ကြွမှု အနေအထား မရှိသကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် ၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးရာသီအပြီး နောက်ပိုင်းတွင် ခေါ်ယူခဲ့သော ကစားသမားများမှာ အလွတ်ပြောင်းရွှေ့ခများဖြင့်သာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် ချယ်လ်ဆီးအသင်းအနေဖြင့် လောလောဆယ်တွင် အသင်း၏ အဓိကဘောလုံးသမားများကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့သည်။

အံဝင်ခွင်ကျ

ချယ်လ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ ကစားအားနှင့် ကစားကွက်မှာ ဆက်လက် အံဝင်ခွင်ကျနေဆဲဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားနေသဖြင့် တန်ဖိုးကြီး ကစားသမားများကို ဈေးကောင်းပေး ခေါ်ယူခြင်း မပြုလုပ်ခြင်းပင် ဖြစ်သည်။

ဖြည့်ဆည်း

ယခုအခါ ချယ်လ်ဆီးနောက်တန်း အနည်းငယ်အားနည်းမှုအပေါ် ဖြည့်ဆည်းသည့်အနေဖြင့် စပိန်ကလပ် ဗလင်စီယာမှနောက်ခံလူ လူးဝစ်မီဂွယ်ကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

စပိန်ကလပ် ဗလင်စီယာမှ လူးဝစ်မီဂွယ်။ (ဓာတ်ပုံ-အင်တာနက်)

မီဂွယ်သည် ပေါ်တူဂီနိုင်ငံသား တစ်ဦးဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ ယခုအသက် ၂၇ နှစ် အရွယ်ရှိနေရာ အကောင်းဆုံး ခြေစွမ်းပြနိုင်သော အသက်အရွယ်ပင် ဖြစ်သည်။

ဂိုးသွင်းနိုင်

လူးဝစ်မီဂွယ်သည်၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌ ဘင်ဖီကာအသင်းတွင် စတင်ပါဝင်ကစားခဲ့သလို ပေါ်တူဂီအသင်း လက်ရွေးစင်အဖြစ် ကစားခဲ့သူလည်းဖြစ်သည်။ နောက်တန်းကစားသမားတစ်ဦးဖြစ်သော်လည်း အခွင့်အရေးရသည်နှင့် ဂိုးသွင်းနိုင်သူ ဖြစ်သည်။

ဒဏ်ရာရ

ဘင်ဖီကာနှင့်အတူ ၂၀၀၄-၂၀၀၅ ခုနှစ်၌ ဆက်လက်ကစားခဲ့သော်လည်း ဒဏ်ရာရရှိခဲ့မှုကြောင့် ပွဲတိုင်းမကစားနိုင်ဘဲ နှစ်ပွဲသာ ပါဝင်ကစားနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းနှင့် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခုနစ်ပွဲကစားပေးခဲ့သည်။

ပါးနပ်

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် စပိန်ကလပ် ဗလင်စီယာသို့ ပြောင်းရွှေ့ခဲ့ပြီး ထိုနှစ်က ဗလင်စီယာအတွက် လာလီဂါပွဲပေါင်း ၃၀ ကစားခဲ့သလို တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ မီဂွယ်သည် နောက်တန်း ညာနောက်ခံလူတစ်ဦးအနေဖြင့် အမှားအယွင်း အနည်းဆုံး ကစားနိုင်သူဖြစ်ပြီး ဘောလုံးရှင်းထုတ်ရာတွင်လည်းကောင်း၊ တိုက်စစ်ကို ဟန့်တားရာတွင်လည်းကောင်း ပါးနပ်စွာ ကစားနိုင်သူတစ်ဦးလည်း ဖြစ်သည်။

အသိအမှတ်ပြု

ထို့ကြောင့် ဗလင်စီယာတို့ နောက်တန်းအားနည်းချက်မရှိခဲ့သဖြင့် မီဂွယ်ရောက်ရှိလာသည့် ၂၀၀၅-၂၀၀၆ လာလီဂါဘောလုံးရာသီ အပိတ်တွင် တတိယချိတ်နိုင်ခဲ့သည်။ ထိုသို့ ရလဒ်ကောင်းခဲ့သည်မှာ မီဂွယ်၏ ကြိုးစားမှုနှင့် စွမ်းဆောင်ရည်များလည်း ပါဝင်ခဲ့ကြောင်း ဗလင်စီယာနည်းပြ အပါအဝင် အမှုဆောင်လူကြီးများ အသိအမှတ် ပြုခဲ့ကြသည်။

ပြီးခဲ့သည့် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် ဗလင်စီယာနှင့်အတူ လာလီဂါပွဲစဉ် ၂၇ ပွဲ၊ ချန်ပီယံလိဂ် ကိုးပွဲ ကစားပေးခဲ့သလို မိခင်ပေါ်တူဂီအသင်းနှင့်အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြောက်ပွဲ ကစားပေးခဲ့သည်။

ထွက်ခွာမည်

ယခုအခါ လာလီဂါဘောလုံးရာသီတွင် ဗလင်စီယာတို့ လောလောဆယ်၌ စတုတ္ထနေရာ ရပ်တည်နေသည်။ ယခုနှစ် လာလီဂါပွဲစဉ်များ ပြီးဆုံးရန် တစ်ပွဲသာ လိုတော့သည်ဖြစ်ရာ မီဂွယ်အနေဖြင့် ရာသီကုန်တွင် ဗလင်စီယာအသင်းမှ ထွက်ခွာတော့မည်ဟု တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်သည်။

ပြောင်းရွှေ့လို

ယခုကဲ့သို့ မီဂွယ်အနေဖြင့် အသင်းမှထွက်ခွာမည်ဟု တရားဝင်ပြောကြားထားသဖြင့် မီဂွယ်ကို ခေါ်ယူရန်ကြိုးစားနေသော ချယ်လ်ဆီးအသင်းအတွက် လမ်းပွင့်သွားပြီ ဖြစ်သည်။ မီဂွယ်ကလည်း အင်္ဂလန်ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုသည်ဟု စကားများဆိုထားရာ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိရန် နီးစပ်လာပြီ ဖြစ်သည်။

ဆွေးနွေး

မော်ရင်ဟိုကလည်း နောက်တန်းကစားသမားတစ်ဦး အလိုရှိနေရာ ပေါ်တူဂီ လူမျိုးဖြစ်သည့် မော်ရင်ဟိုကိုင်တွယ်သည့် ချယ်လ်ဆီးသို့ မီဂွယ်ရောက်ရှိလာရန် ဆွေးနွေးမှုများ ပြုလုပ်နေသဖြင့် တကယ်တမ်း ပြောင်းရွှေ့လာမှု ရှိ၊ မရှိကို စောင့်ကြည့်ကြရမည် ဖြစ်ပေသည်။ ။

(ကိုးကား-အင်တာနက်)

ကာကာအား ရောင်းမည်မဟုတ် အေစီမီလန်အသင်း ပြောကြား

ရေးသားသူ မြင့်မောင်စိုး

အေစီမီလန်ကစားသမား ကာကာ။ (ဓာတ်ပုံ-အင်တာနက်)

မီလန် ဇွန် ၁၆

ဘရာဇီးကစားသမား ကာကာ၏ ဖခင်ဖြစ်သူက ကာကာအား ရီးရဲမက်ဒရစ်အသင်းတွင် ကစားရန်ဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း အေစီမီလန်က ၎င်းကစားသမားကို ရောင်းချမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ရောင်းမည်မဟုတ်

မိမိတို့အနေဖြင့် ကာကာအား ရောင်းချမည်မဟုတ်ကြောင်း အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌ အက်ဒရီယာနိုဂါလီယာနီက ကလပ်ဝက်ဘ်ဆိုက်သို့ ပြောကြားလိုက်သည်။

စပိန်ကလပ်များသည် အီတလီကလပ်များထက် ကစားသမားများအား လုပ်ခလစာများပို၍ပေးခြင်းဖြင့် ကစားသမားများကိုဆွဲဆောင်နေကြောင်း၊ ကာကာ၏ဖခင်သည် ရီးရဲမက်ဒရစ်အသင်းနှင့် ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးခဲ့ကြောင်း ဂါလီယာနီက ပြောကြားသည်။

အဓိကစွမ်းဆောင်

ကာကာသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဘောလုံးသမားများထဲမှ တစ်ဦးအပါအဝင်ဖြစ်သကဲ့သို့ အေစီမီလန်အသင်းကိုလည်း ပြီးခဲ့သော ရာသီက သတ္တမအကြိမ် ဥရောပချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ရန် အဓိကစွမ်းဆောင်ပေးခဲ့သူ ဖြစ်သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

✦ **ဥရောပ ယူ-၂၁ နှစ်အောက် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို ဇွန်၁၄ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဆားဘီးယားလူငယ်အသင်းက ချက်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။**

✦ နိုင်ငံတကာဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရာတွင် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၅၀၀ ၌ ကျင်းပခြင်းကို မကြာသေးမီက ပိတ်ပင်တားမြစ်သွားရန် တင်ပြခဲ့ရာ ဖီဖာက အတည်ပြုလိုက်ပြီဖြစ်သည်။

✦ **အေစီမီလန်အသင်းပိုင်ရှင် ဘာလူးစ်ကိုနီက ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုအား ပြန်လည်ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။**

✦ ဝက်စ်ဟမ်းအသင်းမှ ပြီးခဲ့သောရာသီက ထွက်ခွာသွားသော အသက် ၄၁ နှစ်ရှိ အင်္ဂလန်ကစားသမားဟောင်း တက်ဒီရှရင်ဂမ်က ၎င်းအနေဖြင့် အသက်အရွယ် ရလာသော်လည်း ဆက်လက်ကစားနိုင်စွမ်းရှိသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

(အင်တာနက်)

ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့် ထိပ်သီးကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်

ပင်ဆယ်ဗေးနီးယား ဇွန် ၁၆

ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်အားကစားပြိုင်ပွဲကို ဇွန် ၁၅ ရက်က အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယား၌ စတင် ယှဉ်ပြိုင်ကစားခဲ့သည်။

ဗီဂျေဆင်း၏ ဂေါက်သီးကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ဦးဆောင်

ဖွင့်ပွဲနေ့တွင် အင်္ဂလန်မှ လူငယ်ဂေါက်သီးကစားသမား ဒေါ်ဂျာတီက ၆၈ချက်ရိုက်ကာ သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ပြိုင်ဘက်များကို ဦးဆောင်ခဲ့သည်။

မျှော်လင့်

ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ်သည် ထိုနေ့က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်မိခဲ့၍ နံပါတ်(၅)နေရာ၌ရှိနေသည်။ ၎င်းသည် တတိယအကြိမ် ယူအက်စ်အိုးပင်းဖလားကို ရယူနိုင်ရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

တိုက်ဂါးဝုဒ်သည် အဆိုပါ ယူအက်စ် အိုးပင်းဖလားကို ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ်များက ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

လျှော့ရိုက်

အာဂျင်တီးနားမှ ကာဘရီရာက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ဒုတိယနေရာမှလိုက်နေသည်။

ကမ္ဘာ့ထိပ်သီးများပါဝင်

အဆိုပါ ယူအက်စ်အိုးပင်း ဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်တန်းကစားသမား ၂၀ ပါဝင်ယှဉ်ပြိုင် ကစားလျက်ရှိကြောင်း သိရသည်။

ယင်းထိပ်တန်းဂေါက်သီး ကစားသမားများတွင် ဩစတြေးလျမှ ကမ္ဘာ့နံပါတ်(၄)အဆင့်ရှိ အဒမ်စကော့၊ ဖီဂျီမှ ဗီဂျေဆင်း၊ တောင်အာဖရိကမှ အာနိုင်းအဲစ် စသော ကစားသမားများ ပါဝင်သည်။ **(အင်တာနက်)**

အမည်ပြောင်း

အဖ ဦးအောင်စိုး၏သား မောင်အောင်ဘန်း ၁၂/ဥကတ(နိုင်)၁၄၈၃၆၃ အား ယနေ့မှစ၍ မောင်မြင့်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြင့်ထက်။

KMD Network Engineering

Since 1986 KMD Computer Centre

လုပ်ငန်းခွင်တွင် Hardware & Network Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်

Duration (300) Hours

- Computer Hardware နှင့် Network Technology ပိုင်းဆိုင်ရာ များကို စနစ်တကျသင်ကြားပေးပါမည်။
- Microsoft အသိအမှတ်ပြု MCP Examနှင့်MCPA Networking Exam ကိုဖြေဆိုနိုင်ရန် အထောက် အကူပြုမည့် သင်တန်း ဖြစ်ပါသည်။
- အပတ်စဉ် Technical Seminar များကိုထည့်သွင်းစီစဉ်ထားပါသည်။
- သင်တန်းပြီးဆုံးပါက KMDတွင် On-Job Training အဖြစ်ဝင်ရောက် လုပ်ကိုင်နိုင်ရန်အခွင့် အလမ်းရှိပါမည်။ **သင်တန်းအပ် လက်ခံနေပါပြီ။**

(ရုံးချုပ်) ၅၅၀-၅၅၂၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတား။ ဖုန်း - ၂၄၉၁၅၅ / ၃၈၁၇၇၆ / ၃၈၁၁၂၉

၁၅-၆-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း - ၂၄၆၉၆၂၊ ၂၄၆၉၆၃	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
သွင် ဖုန်း - ၃၇၂၉၆၄၊ ၃၇၂၉၃၂	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
မင်္ဂလာ ဖုန်း - ၂၄၃၇၅၇၊ ၂၄၃၇၅၇	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
ရွှေဆောင် ဖုန်း - ၅၀၃၇၇၉၊ ၂၅၂၈၀၇	အမေနှင့်သမီးများ	ရန်အောင်၊ မဲအဆင်၊ ဖိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ နိုင်သင်ကြည် သီတာထွန်း၊ သက်မွန်မြင့်၊ စန္ဒီမြင့်လွင်၊ ဇာဇာမင်း၊ ထက်
နေပြည်တော် ဖုန်း - ၂၉၂၂၇၇၊ ၂၉၂၂၈၀	SHOOTER	MARK WAHLBERG, MICHAEL PENA DANNY GLOVER, KATE MARA
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)၃၃၉၁၂၈၊ ၆၀၂၉၁	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
မြို့မ(မန္တလေး) ဖုန်း-(၀၂)၃၃၉၁၃၇၊ ၃၈၇၁၉	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး

ပွဲချိန် သတိ (နေ့စဉ်) ၁၀:၀၀ နာရီ ၊ ၁၂:၃၀ နာရီ ၊ ၃:၃၀ နာရီ ၊ ၆:၃၀ နာရီ ၊ ၉:၃၀ နာရီ

MYANMAR TRACTORS LTD.

YOUR CATERPILLAR® DEALER

(FOR LOCAL SERVICES ONLY)

MTL invites qualified, active and dynamic personnel for the following posts:

1. Internal Auditor .... 1 post
- Education : CPA
- Experience : (5) years experience as Internal Auditor or Accounts / Finance Manager in International or Joint Ventures Co.

2. Parts Manager .... 1 post
- Education : B.E (Mech)
- Location : Pharkant
- Experience : 5 years experience in Marketing & Management

3. Parts & Service Representative (ISR) .... 1 post
- Education : B.Tech (Mech), A.G.T.I (Mech)
- Location : Yangon

4. Applications Engineer (Machines) .... 2 posts
Rental Applications Engineer (Rental) .... 1 post
- Education : B.E (Mech)
- Location : Yangon/ Mandalay/ Pharkant

5. Trainee Applications Engineer (Power Systems) .... 2 posts
- Education : B.E (Mech, E.P)
- Location : Yangon/ Mandalay

6. Trainee Technical Communicator .... 1 post
- Education : B.E (Mech)
- Location : Yangon/ Mandalay

7. Mechanic / Electrician .... 24 posts
- Education : B.Tech (Mech/ Elec) (or) AGTI (M.P / E.P / E.C)
- Location : Yangon/ Mandalay/ Pharkant

8. Admin - Assistant .... 2 posts
- Education : Any Graduate
- Location : Nay Pyi Taw/ Yangon
- Other : Perferable Nay Pyi Taw Native for Nay Pyi Taw Post.
  - Must be Female for Yangon Post.

9. Driver .... 2 posts
- Education : minimum 10th standard or any Graduate
- Location : Yangon only

Others Prerequisites

(i) Age Limit : (N0 3,5,6,7,8: Below 30 yrs, N0 4 : below 35 yrs, No 1,2,9 : below 40 yrs)
(ii) Experience : Minimum 2 yrs experience in heavy machinery / Power Generation for No 3,4,5,6,7
2 yrs experience in marketing for No 2, 3,4.
(iii) Male Only and must have a valid driving license for (No 7. Nay Pyi Taw Post and 8 : minium 3 yrs of driving experience) and valid driving license preferable for 1,2,3,4,5,6
(iv) Computer Literate (Except No 9) & must be Fluent in English
(v) Good inter-personal and communication skills.

Bio-Data :C.V with a recent photo, all Educational Certificates , Labour Registrations Card , Testimonials regarding character from Ward Peace & Development Council or Police Station and Testimonials from previous Employers especially last Employer.
Candidates must be prepared to work in any parts of Myanmar.
Applications to reach following address on or before 30-06-2007.

Administration Department

(For Yangon Applicants)
16, Mya Malar Lane,
Industrial Zone, Thaketa Tsp
Yangon, Myanmar.
Tel : 547310~13/547140~142

(For Mandalay Applicants)
30,27th Street, (Bet 68th & 69thSt.)
Chan Aye Thar San Township,
Mandalay, Myanmar.
Tel : 02-39259, 22083, 44325

(For Pharkant Applicants)
Mashikahtaung Quarter, Pharkant - Saitaung Road, Pharkant, Myanmar
Tel : 074-70484, 01-4482149

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးအောင်ကြည် [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန]-ဒေါ်ခင်လှခိုင်(ISY)
တို့၏သားကြီး

မောင်ဇော်မင်းထွဋ်

နှင့်

ဗိုလ်မှူးချုပ်လှမြင့်ရွှေ-ဒေါ်ချိုချိုသန်း
တို့၏တစ်ဦးတည်းသောသမီး

မဖူးမွန်ရွှေ

တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် ၁၄-၆-၂၀၀၇ရက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မင်းထွဋ်-မဖူးမွန်ရွှေ။

အဲယားကွန်း

အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၀-၂၂၇၈၀။

လူပျောက်ကြော်ငြာ

အမှတ် ၆၂၅၊ မြရတနာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ မမေကြည်ဝင်း၏ဖခင် အသက်(၇၇)နှစ်ခန့် ဦးအုန်းရွှေသည် ၇-၆-၂၀၀၇ရက် (ကြာသပတေးနေ့)တွင် နေအိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အထက်ပါလိပ်စာသို့ ပေးပို့ပါရန်။

ဆက်သွယ်ရန်
ဖုန်း- ၅၃၄၆၆၅၊ ၅၃၅၀၁၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၂၅၄၁ တိုယိုတာ ကိုရိုလာဆလွန်း (၄ X ၂) လက်ဝယ်ရှိသူ ဗိုလ်မှူးအောင်မြင့်သိန်း(ငြိမ်း) မှတ်ပုံတင်အမှတ် ၁၁/သကန(နိုင်)၀၀၈၀၉၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ရန်ကုန်(အနောက်ပိုင်းရုံး)၊
သဃ်န်းကျွန်းမြို့နယ်။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

စားသောက်ဆိုင် / ကားဘော်ဒီ / ဆေးမှုတ် Specialized Agency

မြန်မာမာန်ကုမ္ပဏီလီမိတက်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော **Maximum Services Ltd.Overseas Employment Agency** လိုင်စင်အမှတ် ၁၁၀/၂၀၀၆ မှ **မလေးရှားနိုင်ငံ** တွင် အလုပ်လုပ်ရန် အောက်ပါ လုပ်သားများ အမြန်အလိုရှိသည်။

I. *U& US SOLUTION SDN , BHD*

၁. ကားမှုတ်ဆေး နှင့် ကားပတ်တီး - 10 ဦး (နေ ၊ ငြိမ်း) တစ်ရက် RM 21 ~ 26~ 38 + O.T
၂. ကားဘော်ဒီ ထုခြင်း ၊ ပြင်ခြင်း - 10 ဦး (နေ ၊ ငြိမ်း) တစ်ရက် RM 21 ~ 26 ~ 38 + O.T
၃. ဘစ်၊လော်လီ ကားကြီးစက်ပြင် - 10 ဦး (နေ ၊ ငြိမ်း) တစ်ရက် RM 21 ~ 26 ~ 35 + O.T
၄. ဂက်(စ်) /အာဂွန် ဝရိန် - 10 ဦး (နေ၊ ငြိမ်း) တစ်ရက် RM 21 ~ 26 ~ 35 + O.T
၅. လျှပ်စစ်၊ ဝါယာရိန်း ၊အဲယားကွန်း - 10 ဦး (နေ၊ ငြိမ်း) တစ်ရက် RM 21 ~ 26 ~ 35 + O.T

II. *AMIGO STEAK & GRILL (MALACCA) SDN.BHD*

၁.Waiter &Kitchen Helper - 4 ဦး (နေ၊စား ငြိမ်း/တစ်လRm 800/English / Mandarin ကျွမ်းကျင်)

ဝန်ဆောင်ခ – Fec 600

** အမှတ်စဉ်. I (၁ မှ ၅) ☞ လိုအပ်ချက်။ ။လုပ်ငန်းအတွေ့အကြုံ (၃) နှစ်အထက်ရှိရမည်။
*** ငွန်လ အတွင်းအင်တာဗျူး ရှိပါသဖြင့်(၂၀/၆ / ၂၀၀၇)နောက်ဆုံးစာရင်းသွင်းနိုင်ပါသည်။

☞ *English (or) Mandarin* ရေး/ပြောနိုင်သူ (၂၀) ဦး ကို ပညာဒါနအဖြစ် " Waiter " သင်တန်း အခမဲ့ သင်ကြားပေး၍ Certificate ထုတ်ပေးပါမည်။

♦♦♦ *ငွေအပြည့် မသွင်းနိုင်သူများ၊* Passport *၊မလေးရှား လုပ်ငန်းခွင် အကြို သင်တန်း လက်မှတ် မရှိသူများ လည်း လျှောက်ထားနိုင်ပါသည်။*

MAXIMUM
MAXIMUM SERVICES EMPLOYMENT AGENCY
(မက်စီမံဆားဗစ် (စ်) ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)
No. F2-6 ပထမထပ် (ဖဆပလရွှေ) အောင်ဆန်းကွင်းမြောက်ဘက်တန်း ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Tel : (+ 95-1) 394949 , 394950 , 394951 .

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ ရွှေဘုရင်အိမ်ရာ၊ တိုက်အမှတ်(ဘီ)၊ အခန်းအမှတ် ၀၀၆၊ မြေညီထပ် နှင့်ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဦးအေးမြင့် LTA-003793 [၁၂/ပဇတ(နိုင်)၀၁၂၀၀၈]ထံမှ ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဒေါ်အိဇာကို ၁၂/သဃက(နိုင်)၁၄၅၀၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းအရောင်းအဝယ် စာချုပ်ချုပ်ဆို၍ ငွေအကျေပေးချေကာ မူရင်းစာချုပ်စာတမ်းအားလုံး လက်ဝယ်ရယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ယင်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေအမည်ပေါက်ရရှိရေးအတွက် သက်ဆိုင်ရာဌာနနှင့်ကုမ္ပဏီသို့ ဆက်လက်တင်ပြ လျှောက်ထားရယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းနု(ခ)ဒေါ်သီတာဝင်း(လားရှိုး)
အထက်တန်းရှေ့နေ၊ စဉ်(၂၀၀၆၈)
"အောင်"ဥပဒေရေးရာနှင့်အထွေထွေ
အကျိုးဆောင်လုပ်ငန်း၊ဖုန်း-၀၉-၅၁-၄၄၀၄၁

အမှတ် ၁၁၁၊ ၃လွှာ(A)
အောင်မင်္ဂလာလမ်း
ကျောက်မြောင်း၊ တာမွေမြို့နယ်။

စွန်းလွန်းဂူဝိပဿနာ ဒုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်မြို့ မြိုင်သာယာရပ် ရှင်စောပုလမ်းရှိ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်တွင် ရေးမြို့နယ် အစင်ကျေးရွာ ဓမ္မယောသကကျောင်းတိုက်၊မြိုင်သာယာရပ် စွန်းလွန်းဂူ ဓမ္မအေးရိပ်သာကျောင်းတိုက်၊ဇင်းကျိုက်တောင်ခြေရှိ စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိလောက(သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်နှင့် တိုက်အုပ်ဆရာတော်ဦးခန္တီစာရဦးပညာစက္က အရှင်သူမြတ်တို့က စွန်းလွန်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဇွန်၂၇ရက်မှ ဇူလိုင် ၃ရက်အထိ ဟောကြားပြသမည် ဖြစ်သည်။ **(က-ပ)**

ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ရွှေထီးတော်များတင်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ စကြာတောင်ပေါ်ရှိ ရှေးဟောင်း စကြာရှင် ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်း စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်ကကြီးမှူးတည်ထားသည့် ကိုးတောင်ပြည့်စေတီတော်များ၊ နဂါးရုံဘုရားများ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ရွှေထီးတော်များ တင်လှူပွဲကို ဒုတိယဝါဆိုလဆန်း ၃ရက် (ဇွန်၁၇ရက်)တနင်္ဂနွေနေ့ နံနက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ နံနက် ၈နာရီအရောက် ကြွရောက်ကြရန်နှိုးဆော်ထားသည်။ **(က-ပ)**

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး၊ အလှူငွေများပေးအပ်လှူဒါန်း

လွိုင်ကော် ဇွန် ၈

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ၂၀၀၆ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မေ ၂၁ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်ချီးမြှင့်ပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။**(ဓာတ်ပုံ)**

ဂုဏ်ပြု

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ အမှတ်(၁)စက်မှုရပ်ကွက်က ငွေကျပ်သိန်း၃၀နှင့် စေတနာရှင်ကိုးဦးတို့က ငွေကျပ် ၃၄သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဒေါ်တင်တင်ကြည်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လွိုင်ကော်နှင့် ဘော်လခဲခရိုင်အသင်းများသို့ ထောက်ပံ့ငွေများနှင့် အသင်းဝတ်စုံများ ပေးအပ်သည်။

ဆွေးနွေး

ထို့နောက် လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်း၊မယ်စဲ့၊ရွာသစ်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက် ၂၀၀၆ခုနှစ်လုပ်ငန်း အစီရင်ခံစာများကို ဖတ်ကြားကြရာ ပြည်နယ်အထောက်အကူပြုအဖွဲ့နှင့် ရှစ်မြို့နယ် အတွင်းရေးမှူးများက အကြံပြုဆွေးနွေးကြသည်။

ရှင်းလင်း

ဆက်လက်ပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဦးထွန်းလွင်က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တောင်ငူခရိုင် ပြန်/ဆက် ဦးစီးဌာန၌ စာဖတ်ပွဲကျင်းပ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးဆွေးနွေး

တောင်ငူ ဇွန် ၅

ပဲခူးတိုင်း တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမတွင် မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက စာဖတ်ပွဲကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက စာဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖြူးမြို့နယ် ဦးစီးမှူး ဦးခင်မောင်တိုးက ဗိုလ်မှူးချုပ်သန်းတင် (အငြိမ်းစား) ရေးသားသည့် စစ်ဆင်ရေးပြီး စစ်ဆင်ရေး စာအုပ်ကို လည်းကောင်း၊ ကျောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ စာထောက်(၃) ဒေါ်ရွှေဇင်ထိုက်က ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် ရွှေဖိနပ်ရုပ်တိုက်စီး စာအုပ်မှ ငယ်စဉ်ခါက ပျိုးထောင်မှ ဆောင်းပါးကို လည်းကောင်း၊ ရေတာရှည်မြို့နယ် ဦးစီးမှူး ဒေါ်သန်းသန်းနှင်းက အောင်မြင်မှုနှင့် ပျော်ရွှင်မှုစာအုပ်မှ ပျော်ရွှင်မှုနှင့် အောင်မြင်ခြင်းကို လည်းကောင်း၊ ထန်းတပင် မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းက ခေါင်းဆောင်၏ကျင့်ဝတ်ကို လည်းကောင်း၊ တောင်ငူခရိုင်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက မေ ၂၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ငါးမင်းဆွေ၏ ဘာအရေးကြီးသလဲ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြပြီး ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက သုံးသပ်ဆွေးနွေးကာ**(အပေါ်ယာပုံ)** စာဖတ်ပွဲများကို ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် ပြောကြားသည်။

တက်ရောက်

စာဖတ်ပွဲသို့ ရှစ်မြို့နယ်မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ၊ ချိုင့်များ၊ လှိုင်းများနှင့်အပေါက်များ မရှိစေရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အထက်လမ်းမနှင့် စည်ပင်သာယာလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်မှုကို မေ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးအေးဆွေ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျောက်ဆည် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး နိုင်ငံတကာဆက်ဆံရေးနှင့် ကွန်ပျူတာသင်တန်းဆင်း

ကျောက်ဆည် ဇွန် ၂

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်စကားပြော၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၅ရက် နံနက် ၈ နာရီက ကျောက်ဆည်မြို့ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသီဟဆွေတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး အင်္ဂလိပ်စကားပြော သင်တန်းတွင် ပထမဆုရ ဦးမင်းဟန် (လဝက)နှင့် ဒေါ်စန်းယုမော်(လဝက)၊ ဒုတိယဆုရ ဒေါ်သူဇာမြင့်(ပညာရေး)၊ တတိယဆုရ မောင်ကြည်ဆွေသန့်တို့အား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ နည်းပြ ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အသင်း အတွင်းရေးမှူးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယှဉ်ပြိုင်

ထို့နောက် သင်တန်းသား သင်တန်းသူများက ကျောက်ဆည်မြို့အကြောင်း အင်္ဂလိပ်စကားပြောစွမ်းရည် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မေ ၁၇ ရက်က မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ကရင်ပြည်နယ်ဦးစီးဌာနမှူး ဦးကြည်လင်နှင့် မြဝတီခရိုင် ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်တို့တက်ရောက်ခဲ့ပြီး မြဝတီခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်က ရပ်ကွက်နေ ပြည်သူတစ်ဦးထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်စဉ်။ (မြို့နယ်/လဝက)

မြောင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ပညာသင်စရိတ်ထောက်ပံ့လှူဒါန်းငွေပေးအပ်

မြောင် ဇွန် ၆

စစ်ကိုင်းခရိုင် မြောင်မြို့ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်သန်းက ပညာရေးမျှော်မှန်းချက်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ လှူဒါန်းငွေများကို ပေးအပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် တစ်သောင်း၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် တစ်သောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် တစ်သောင်း၊ ဌာနဆိုင်ရာများက ငွေကျပ်လေးသောင်း၊ လက်ထောက် ပညာရေးမှူး ဦးတင်အောင်က ငွေကျပ် တစ်သောင်းနှင့် ဦးဝင်းတင်မိသားစုက ငွေကျပ် တစ်သောင်းတို့ကို ပေးအပ်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကန့်ဘလူမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

ကန့်ဘလူ ဇွန် ၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက်၇နာရီခွဲက မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ကျင်းပသည်။

အခမ်းအနားတွင် မဟာရွှေစည်ကြီးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်အေးနှင့် ဦးစန်းအောင်(မောင်လူဒေါင်း-ကန့်ဘလူ)တို့က သက်ကြီးပူဇော်ပွဲနှင့် ပက်သက်၍ ရှင်းလင်းတင်ပြပြီး အဘိုး၊ အဘွား ၁၅ ဦးတို့အား အလှူငွေကျပ် တစ်သောင်းစီဖြင့် ပူဇော်ကန်တော့ကြသည်။

လှူဒါန်း

အဘိုး၊ အဘွားများအား အလှူငွေကျပ် တစ်သိန်းငါးသောင်းနှင့် ဆေးခံစရိတ် ငွေကျပ်ငါးသောင်းတို့ကို စင်ကာပူနေ အလှူရှင် ဦးတင်မောင်အေး (တင်မောင်အေး-ကန့်ဘလူ)-ဒေါ်စိုးစိုးအေးမိသားစုက ကန့်ဘလူမြို့ အမှတ်(၄)ရပ်ကွက်နေ အဖ ဦးအေးမောင်(ရဲအုပ်)-မိခင် ဒေါ်တင်မေတို့အားရည်စူး၍ လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ကန်တော့ခံ အဘိုး၊ အဘွားများအနက် အသက်အကြီးဆုံးမှာ အမှတ် (၂)ရပ်ကွက်နေ ဒေါ်ရွှေအုံ ၉၆ နှစ်ဖြစ်ပြီး ဒုတိယအသက်အကြီးဆုံးမှာ အမှတ်(၁)ရပ်ကွက်နေ ဦးချမ်းအေး ၉၃ နှစ်နှင့် အမှတ်(၄)ရပ်ကွက်နေ ဒေါ်လှမေ ၉၃ နှစ်တို့ ဖြစ်ကြောင်းသိရသည်။

(ဝ၅၆)

မေ ၂၅ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းလမ်းလယ်ကျွန်းများ၊ ပန်းခုံများ သပ်ရပ်လှပမှုရှိရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နတ်မောက်လမ်း လမ်းလယ်ပန်းခုံရှိ ပန်းအလှပင်များ ဖြတ်တောက်ပြုပြင်မှုနှင့် ဖြည့်တင်းစိုက်ပျိုးမှုကို ဦးစီးအရာရှိ ဒေါ်မြင့်ဌေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယဉ်ကျေးမှုသင်တန်းဆင်းပွဲ သာစည်မြို့၌ ကျင်းပ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်

သာစည် ဇွန် ၂

သာစည်မြို့ အမှတ်(၁)ရပ်ကွက် ဂါတ်တန်းဘုန်းတော်ကြီးကျောင်းတိုက်၏ ယဉ်ကျေးမှုသင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး ဂါတ်တန်းကျောင်းတိုက် ယဉ်ကျေးမှုသင်တန်းမှူး ဆရာတော် ဦးသုနန္ဒက သြဝါဒစကား မိန့်ကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းက သင်တန်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၈၅၀ တို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ဖခင် ဆရာ ဦးဖိုးအောင်နှင့်မိခင်ဒေါ်နန်းမိတို့အား ရည်စူး၍ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်လမ်း တီစီစီရိပ်သာ အမှတ် (၅၀၁-ဂျီ)နေ သားဖြစ်သူ ဦးတင်ဝင်းနှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မာန်အောင်-သိမ်ကုန်း- ဟင်းစနဲ ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမောင်မောင်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ငပုတောမြို့၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး

ငပုတော ဇွန် ၈

ငပုတောမြို့တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မြောက်ပိုင်း ရပ်ကွက် စွယ်တော်လမ်းမကြီး၌ ဇွန် ၁ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ စိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)**

စိုက်ပျိုး

အလားတူ ၂၀၀၇ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ပမ္မဝတီလမ်းတစ်လျှောက်တွင် သစ်ပင်ပျိုးပင်၄၅၀၀ကျော်ကို ဆက်လက်စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ပျော်ဘွယ်၌ ဆရာ ဆရာမ မွမ်းမံသင်တန်းဆင်း

ပျော်ဘွယ် ဇွန် ၁၀

ပျော်ဘွယ်မြို့နယ် ပညာရေးဌာန မူလတန်းဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက်၉နာရီက အထက(၁)ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လက်ထောက်ပညာရေးမှူး ဦးညွန့်ဝေ၊ အထက(၁) ကျောင်းအုပ်ကြီး ဦးညွန့်ရွှေ၊ အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးတင့်နှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးတင့်က အမှာစကားပြောကြားကာ သင်ရိုးသရုပ်ဖော်ပြသထားရှိမှုများကို လေ့လာကြည့်ရှုပြီး ထူးချွန်ဆုများအား ဆုပေးအပ်ချီးမြှင့်ကြသည်။

(၂၅၀)

မအူပင်မြို့နယ်၌ မိုးစပါးစီမံကိန်းတာဝန်ပေးအပ် လျာထားချက် ပြည့်မီကျော်လွန်ရေးရှင်းလင်း

မအူပင် ဇွန် ၅

မအူပင်မြို့နယ် ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါး စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၁၆ရက် နံနက်က မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစီမံကိန်း၁၄၃၉၄၇ဧက စိုက်ပျိုးရမည်ဖြစ်ပြီး ယခင် ၂၀၀၆-၂၀၀၇ ခုနှစ်ထက် ၁၆၈၂ဧက ပိုမိုစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ပုံမှန်မိုးစပါး ၁၃၉၁၀၄ဧက၊ ရာသီပြောင်း ရေနက်စပါး ၃၈၉၃ဧကနှင့် တစ်မိုးနှစ်သီး ဧက၉၅၀တို့ကို စီမံကိန်း လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့်မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များက ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား အသေးစိတ်ရှင်းလင်း မှာကြားပြီး စီမံကိန်းတာဝန်များကို ကျေးရွာစိုက်ပျိုးရေး စခန်းအလိုက် တာဝန်ခံများသို့ ပေးအပ်သည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ပညာ့အလင်းကိုယ်ပိုင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် စာဖတ်ဝိုင်းနှင့်သတင်းစာဖတ်ပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

သီပေါ ဇွန် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်ဆောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးပညာ့အလင်းကိုယ်ပိုင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ၊ စာဖတ်ဝိုင်းနှင့် သတင်းစာဖတ် ပြိုင်ပွဲ၊ ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းဖွင့်ပွဲနှင့် ပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၂၉ရက် နံနက် ၁၀နာရီက ပန်ဆောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးအောင်ကျော်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမေဓာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာဖတ်ဝိုင်းနှင့် သတင်းစာဖတ်ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဒေသခံ တိုင်းရင်းသားပြည်သူလူထုအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် စာဖတ်ဝိုင်းနှင့်သတင်းစာဖတ်ပြိုင်ပွဲ ကျင်းပရာ ကျေးရွာစာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီများအပါအဝင် ဒေသခံပြည်သူ ၃၅ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး သတင်းစာပါ အကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြကာ ပထမ နန်းမိုးအောင်၊ ဒုတိယ စိုင်းအိုက်ချယ်၊ တတိယ နန်းအိမော်နှင့် အထူးဆုရ နန်းဝါဝါထွန်းတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည် **(ဝဲပုံ)၊** မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(၁၀၆)**

မိတ္ထီလာခရိုင်အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

မိတ္ထီလာ ဇွန် ၆

မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မေ ၃၁ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ ပညာရေးကောလိပ် ပညာရတနာ ခန်းမတွင် ကျင်းပသည်။

ယှဉ်ပြိုင်

ရှေးဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးကောလိပ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါ်တင်တင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပညာရေး ကောလိပ်ကျောင်းသား၊ ကျောင်းသူ ၁၁ဦးတို့က ဆေးလိပ်မသောက်ရေးနေ့ ပြိုင်ပွဲခေါင်းစဉ်များမှ မဲကျရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ဆုပေးပွဲကို ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ချိုချိုသိန်းနှင့် ခရိုင်အဖွဲ့ဝင်များက ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရသူများ၊ ပြိုင်ပွဲအောင်မြင်ရေး ကူညီဆောင်ရွက်ပေးကြသည့် ပညာရေး ကောလိပ် ဒုတိယ ကျောင်းအုပ်ဒေါ်ခင်စန်းမြင့်နှင့် ဒိုင်အဖွဲ့ဝင်များအား ဆုနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

နန်းမြင့်မျှော်စင်ပန်းခြံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ဇွန် ၁ ရက်က ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော နန်းမြင့်မျှော်စင်ပန်းခြံ ပြုပြင်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့ လူးခင်းကျေးရွာနှင့် ဘုရားဖြူကျေးရွာချင်းဆက်လမ်းပေါ်၌တံတားဆောက်လုပ်ရန် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနောင်နောင်လတ်နှင့်ဒေါ်အေးသူဇာလှတို့ ကွင်းဆင်းတိုင်းတာရာ အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလဆန်း ၄ ရက်
၁၈–၆–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ဖြူးမြို့နယ် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုများ)
၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ တချို့–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ သီချင်းကြီးပဒေသာ
(၁) မရိုးငယ်တည့် မိုးဘွဲ့ပတ်ပျိုး (ပန်တျာကိုကျော်ညွန့်)
(၂) နှစ်ကိုယ်သစ္စာပတ်ပျိုး (တင်တင်ထွေး)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) မြန်မာ့အားအင် (လီလီကြာညွန့်)
(၂) လယ်တောအလှ (ညောင်ခါးရှည် ရဲမြင့်အောင်)
(၃) မြပဝါခင်းတဲ့ ဒို့လယ်တော (ချိုပြုံး၊ မြင့်မြင့်စိန်)
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ဇရပ်–ငဖဲ–အရှင်ကောဝိဒ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းအဖွဲ့ (မဟာရန်ကုန် စိန်လင်းနိုင်ဆိုင်းအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပန်းကမ္ဘာလေး ဖြတ်ပြေးသွားတယ် (စိန်မောင်မြင့်)
(၂) သဲကြီးမဲကြီး (ရီရီသန့်)
(၃) သူနဲ့တွေ့ဆုံခြင်းရယ် (မောင်လှကြည်)

ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ ပူဇော်

ရန်ကုန် ဇွန် ၁၆

ဆူးလေစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ ပူဇော်ပွဲအခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၁၀ နာရီက ကျက်သရေဆောင် ခန်းမဦးကျောင်းပရာ ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးဒဂုံမြို့သစ်(အရှေ့ပိုင်း)ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများကပရိတ်တရားတော်များ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဂေါပကအဖွဲ့ဝင် ဦးဟန်က ဩဝါဒါစရိယ ဆရာတော်ကြီးများပူဇော်ပွဲနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး ဆရာတော်ကြီးများအား ဂေါပကအဖွဲ့က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေ ဂေါပကအဖွဲ့ဝင် ဦးချစ်အေးနှင့်ဇနီး ဒေါ်သန်းသန်းဆွေမိသားစုက နဝကမ္မ အလှူငွေများ ဆက်ကပ် လှူဒါန်းကြ၍ အလှူတော်အတွက်အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က–ပ)**

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဈေးအတွင်း ကျန်းမာသန့်ရှင်းမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒဂုန်ရီ
▲ဆံပင်ဖြောင့်(30000/-Ks)တန် Discount(15000/- Ks)
▲ဓာတ်ပြန်ဆွဲရန်မလိုပါ။
▲ဗဟောင်းတုန်ဆေး ထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေပါသည်။
အထူးဆံပင်ဖြောင့်ဆိုင်
(၂ နှစ်အာမခံပါသည်။)
▪ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
▪အမှတ်(၁၃၄၊ ၁၃၆)မြေညီ၊ ၄၆ လမ်းအထက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

စီးပွားရေးနေရာကောင်း
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မြေနီကုန်း၊ပြည်လမ်းမပေါ်ရှိ(၄၅ ×ပေ၁၂၀ပေ)ခန့်
ဖုန်း–၅၁၀၆၉၇၊ ၀၉–၈၀–၃၁၄၂၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၆က/၅၆၉၀ တိုယိုတာ ဟိုင်းလပ်ပစ်ကပ် ၄ X ၄ ယာဉ်လက်ဝယ် ရှိသူဦးမောင်စိုင်း ၉/မမန(နိုင်)၀၂၀၀၉၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး၊(မြစ်ကြီးနားမြို့)။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း–၀၆၇–၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ (သတင်းစဉ်)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၁၃

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဟားခါးမြို့။	**နှင့်**	ဦးသွမ်ကျဲအိုး ပြည်တော်သာရပ်ကွက် ဟားခါးမြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၆ ခုနှစ် တရားမ မူလမှုအမှတ် ၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဇူလိုင်လ ၃ ရက် ၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဟားခါးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြေကွက်အမှတ်(၂၂/၁)၊ ဦးပိုင်အမှတ်(၁၄၅)၊ မြေငှားပတ္တာစာချုပ်အမှတ် (၁၅/၉၈)၊ အတိုင်းအတာ (ပေ၈၀ x ပေ၆၀ x ပေ၈၀ x ပေ၅၀)၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂၂ပေ x ၁၆ပေ)ပတ်လည် တိုက်အိမ်နှင့် (၂၂ပေ x ၁၆ပေ) ပတ်လည် မီးဖိုချောင်။

လေလံကြမ်းခင်းဈေးကျပ် (၄၅)သိန်း။
ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ (ဘ) ဦးထူးစော၏သမီး ဒေါ်မေရီထူး ၁၄/၀ခမ(နိုင်) ၀၀၀၃၃၂မှ (ဘ)ဦးလှဖေ၏သား ဦးကိုကို ၁၀/မလမ(နိုင်) ၀၀၇၅၇၇သို့လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်စာအမှတ် (၁၄/၂၀၀၄) အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေရီထူး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)
ဦးဝဏ္ဏဇော်(ဥပဒေဘွဲ့)၊ ဒေါ်စောနှင်းအေး(ဥပဒေဘွဲ့)၊
ဒေါ်လှဝင်းနွယ်(ဥပဒေဘွဲ့)
ဖုန်း–၆၅၀၅၆၇၊ ၀၉–၅၁–၈၁၁၈၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက် မှတ်တမ်းစာအုပ် အမှတ်–ရန် ၂၀၅၀/၈၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။ **ဦးခင်အောင်ဝင်း ဖုန်း–၀၉–၅၁–၇၄၉၅၀။**

၁၁–၆–၂၀၀၇ ရက် မြန်မာ့အလင်းသတင်းစာတွင် ဦးမြင့်သိန်း(ခ)ဦးမြင့်ထူး၏ ကြေညာချက်ကို အဖြစ်မှန် ပြန်လည်ရှင်းလင်းခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်မေသင်းခိုင်(ခ)မေတင်ခိုင်သည် အထက်ခေါင်းစဉ်ပါ ဦးမြင့်ထူး ၁၁/ကဖန(နိုင်)၀၃၃၅၀၇နှင့် ၁၉၉၆ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးတစ်ဦး ထွန်းကားခဲ့ခြင်းမှန်ပါသည်။ဒေါ်မေသင်းခိုင်သည် ဦးမြင့်ထူးနှင့်ပေါင်းသင်းနေထိုင်စဉ်တစ်လျှောက်လုံး ဇနီးမယားဝတ္တရားနှင့်အညီ နေထိုင်သူဖြစ်ပါလျက် ဦးမြင့်သိန်း(ခ)ဦးမြင့်ထူးသည်သာလျှင် ၂၉–၃–၂၀၀၇ရက်တွင် နေအိမ်ရှိ အဖိုးတန်ပစ္စည်းများအားလုံး ယူဆောင်၍ နောက်ထပ် အိမ်ထောင်ပြုပြီး နေအိမ်မှ အပြီးအပိုင် ဆင်းသွားခြင်းသာဖြစ်ကြောင်း၊ ဒေါ်မေသင်းခိုင်သည် သမီးဖြစ်သူနှင့်အတူ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း၊ ဦးမြင့်ထူး၏ ကြေညာချက်သည် မမှန်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာလိုက်ပါသည်။

ဒေါ်မေသင်းခိုင်(ခ)မေတင်ခိုင်၏ ညွှန်ကြားချက်အရ–
ဦးဝင်းငွေ LL.B, D.B.L, D.M.L.
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၁၊ (ပထမထပ်) M.A.C တာဝါ၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၂၀၉၅ JLM 125 ယာဉ်လက်ဝယ်ရှိသူ ဦးအပါလွင် ၉/မထလ (နိုင်) ၀၄၅၄၅၅က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊
(မြစ်ကြီးနားမြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၉၂၁၇ Isuzu L/T(4x2) Dump Body ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၁၂/မရက(နိုင်) ၁၀၃၀၅၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံးခွဲ
(ရွာသာကြီး)ရုံး၊ (ရန်ကုန်မြို့)။

တာမွေ
ကွန်ကရစ်အလှအုတ်ချပ်
မေဗွဲ့ညွှန့်
ဓာတ်ဂုဏ်လမ်း
Ph 543604
09-51-88062
09-8034928

အမေရိကန်၏ လူကုန်ကူးမှုအစီရင်ခံစာ၌ ၎င်းတို့ မလိုလားသောနိုင်ငံများကို ရွေးချယ်ဖော်ပြထား

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းမှုများကို ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိ

လူကုန်ကူးမှုအန္တရာယ်ကို အစိုးရက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အစီရင်ခံစာ၏ နိုင်ငံခွဲခြားသတ်မှတ်ဖော်ပြချက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝပယ်ချ

နေပြည်တော် ဇွန် ၁၆

ယခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူကုန်ကူးမှုအစီရင်ခံစာ၌ ၎င်းတို့မလိုလားသော နိုင်ငံများကိုသာ ရွေးချယ်ဖော်ပြထားသည်ကို တွေ့ရသည်။ အမေရိကန်က နိုင်ငံတကာ လူကုန်ကူးမှုကို တိုက်ဖျက်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ဟု ဖော်ပြထားသော်လည်း ယင်းအစီရင်ခံစာသည် ရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အပြင် မြန်မာနိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းနေမှုများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်း မရှိပါ။

ခွဲခြားဆောင်ရွက်လာ

အစီရင်ခံစာ၏ စွပ်စွဲတင်မှုအပိုင်းတွင် ယမန်နှစ်က မြန်မာနိုင်ငံအစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း၌ တိုးတက်မှုများကို ဖော်ပြထားသည်။ ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမှုပေါင်း ၁၉၁ မှုတွင် လူကုန်ကူးသူ ၄၀၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရာ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြားဆောင်ရွက်လာနိုင်ကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၄ ကော်လံ ၄ ●

စီမံကိန်းများ သတ်မှတ်ကာလထက်စော၍ပြီးအောင်ကြိုးပမ်း မိုးရာသီ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန်ကြိုတင်စီစဉ်

ရန်ကုန် ဇွန် ၁၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဇွန် ၁၄ ရက် ညနေပိုင်းတွင် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ၍ ရေယူဥမင်အထွက်ပိုင်း တူးဖော်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဟန်နှင့် အင်ဂျင်နီယာများက ရေယူဥမင် တူးဖော်နေမှုကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ပါတီသည်ပြည်တွင်းပြည်ပအဖျက်သမားများနှင့်ပူးပေါင်း နိုင်ငံတော်အား နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေ တိုင်းကျိုးပြည်ပြုလုပ်ဆောင်ချက်များကို လျစ်လျူရှု သူ့ကျွန်ဘဝရောက်အောင် လုပ်ဆောင်လျက်ရှိ ဆိပ်ကြီးခနောင်တိုနှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၁၃ဦးနုတ်ထွက်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စည်းရုံးရေးအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်ဆွေ အပါအဝင် ခြောက်ဦးတို့သည် ဇွန် ၇ ရက်ကလည်းကောင်း၊ ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခတ္တိယကျေးရွာအုပ်စုမှ ဦးကြည်ဝင်း အပါအဝင် ခုနစ်ဦးတို့သည် ဇွန် ၁၀ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် အိမ်မဲမြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီအနေဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်များကို လျစ်လျူရှုကာ တိုင်းပြည်နှင့်လူမျိုးအား သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**